# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃) ရက်၊ အင်္ဂါနေ့၊ (23-7-2024)၊ အတွဲ (၃၃)၊ အမှတ် (၀၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်

**နေပြည်တော် ဇူလိုင် ၂၂**

ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံနေရကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။ ထိုသို့သော ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတ ဦးမြင့်ဆွေ ဆေးခွင့်ယူ၍တာဝန်ဝတ္တရားများဆောင်ရွက်ရန် ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတတာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာပေးပို့လာခဲ့သည်။ ထိုသို့ အကြောင်းကြားစာပေးပို့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်နံနက် ၁၁ နာရီခွဲတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီဥက္ကဋ္ဌထံသို့ လွှဲပြောင်းအပ်နှံခြင်းအား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့ဂျီဒီပီတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးကို အားထားဆောင်ရွက်ပေး

ဂျီဒီပီ (GDP- Gross Domestic Product)ဆိုသည်မှာ “စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး” တစ်နည်းအားဖြင့် “နိုင်ငံတစ်ခုက ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ငွေကြေးတန်ဖိုး” ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေကို တိုင်းတာရာ၌ ဂျီဒီပီညွှန်းကိန်းကို အများဆုံးအသုံးပြုကြသည်။

ဂျီဒီပီတွင်ပါဝင်သည့် ကဏ္ဍကြီးသုံးခုမှာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြစ်သည်။ လယ်ယာကဏ္ဍတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများပါဝင်ပြီး စက်မှုကဏ္ဍတွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ကာ ဝန်ဆောင်မှုကဏ္ဍတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်မှုများပါဝင်ကြောင်း သိရသည်။

နိုင်ငံ့ဂျီဒီပီတိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းသည် စားသုံးသူ၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်နှင့် ပို့ကုန်၊ သွင်းကုန် စသည်တို့ပေါ်တွင် များစွာမူတည်ပြီး ပို့ကုန်သွင်းကုန်သည် ဂျီဒီပီတွင် အလွန်အရေးပါသည်။ နိုင်ငံခြားသို့တင်ပို့မှုများ(Exports)သည် နိုင်ငံ့ဝင်ငွေကိုတိုးပွားစေပြီး သွင်းကုန်များ (Imports)သည် နိုင်ငံ့လိုအပ်ချက်များအပေါ် မူတည်၍ ပြည်ပမှတင်သွင်းခြင်းပင်ဖြစ်သည်။ နိုင်ငံ့လိုအပ်ချက်များကို နိုင်ငံတွင်း၌ပင် ထုတ်လုပ်နိုင်လျှင် ပြည်ပမှတင်သွင်းရသည့်သွင်းကုန်ပမာဏ လျော့ကျကာ ထွက်ငွေနည်းလာနိုင်သည်။ ထို့ပြင် နိုင်ငံ၏ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ များစွာတင်ပို့နိုင်လျှင် နိုင်ငံအတွင်းသို့ နိုင်ငံခြားငွေကြေးစီးဝင်မှု များပြားလာမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်များပြီး ပြည်တွင်းသွင်းကုန်နည်းလာမည်ဆိုပါက နိုင်ငံ့ဝင်ငွေတိုးပွားကာ ထွက်ငွေနည်းသွားသဖြင့် နိုင်ငံ့ဂျီဒီပီတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ဂျီဒီပီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်များအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခန့်မှန်းခြေအားဖြင့် ၃ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အာဆီယံနိုင်ငံများ၏ဂျီဒီပီအရ အင်ဒိုနီးရှားနိုင်ငံသည် ပထမနေရာတွင်ရပ်တည်နေပြီး မြန်မာနိုင်ငံသည် သတ္တမနေရာတွင်ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ့ဂျီဒီပီတိုးတက်ရေးဆောင်ရွက်ကြရန်လိုအပ်နေပြီဖြစ်ပါသည်။

နိုင်ငံ့ဂျီဒီပီတိုးတက်ကောင်းမွန်ရေးအတွက် ရေခံမြေခံကောင်းသောမြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကထား၍ ဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အတွက်နှုန်းပြည့်မီစေရန် မိရိုးဖလာစိုက်နည်းစနစ်များအပြင် ခေတ်မီနည်းစနစ်များနှင့်အညီစိုက်ပျိုးခြင်း၊ စိုက်ပျိုးရာတွင် အရည်အသွေးကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးခြင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်များကို ဒေသထွက်ကုန်ကြမ်းများအသုံးပြု၍ အရည်အသွေးမြင့် ထုတ်လုပ်ခြင်းများအပြင် တစ်နိုင်တစ်ပိုင်မွေးမြူရေးများနှင့် စီးပွားဖြစ်မွေးမြူရေးများကို အဓိကထားဆောင်ရွက်လာခြင်းအားဖြင့် နိုင်ငံ၏စီးပွားရေးမောင်းနှင်အားကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမည်ဖြစ်သည်။ ထိုအခါ အလုပ်လက်မဲ့အရေအတွက်ကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ဝင်ငွေသည်လည်း တိုးလာမည်ဖြစ်သည်။ နိုင်ငံသားများ၏ဝင်ငွေမြင့်မားလာသည့်အခါ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသော လူနေမှုအဆင့်အတန်းများလည်း သာလွန်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် နိုင်ငံ၏ဂျီဒီပီတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့နိုင်ငံသည် ယခုထက်ပို၍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်သာဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# တောင်သမန်အင်းအတွင်း ရေများချိန်ကာလဖြစ်သဖြင့် ငှက်လှေစီးနင်းသည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြားလာ



**မန္တလေး ဇူလိုင် ၂၂**

တောင်သမန်အင်းအတွင်း ရေများချိန်ကာလဖြစ်သဖြင့် ငှက်လှေစီးနင်းသည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြားလာကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့်အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ခရီးသွားများဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိပြီး ယခုအခါ တောင်သမန်အင်းအတွင်း ရေများချိန်ကာလဖြစ်သဖြင့် ငှက်လှေစီးနင်းသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပြန်လည်များပြားလျက်ရှိကြောင်း သိရသည်။

“အခုလက်ရှိ တောင်သမန်အင်းအတွင်း ဧရာဝတီမြစ်ရေဝင်ရောက်လာပြီး အင်းရေမြင့်တက်လာတာကြောင့် အင်းအတွင်း ငှက်လှေစီးရင်း တံတားရဲ့အလှနဲ့နေဝင်ဆည်းဆာအလှကိုကြည့်ရှုတဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေလဲ ပြန်ပြီး များပြားလာတယ်။ ရုံးပိတ်ရက်တွေနဲ့ နေ့ထူးနေ့မြတ်တွေမှာတော့ ခရီးသွားတွေ တော်တော်လေးများပြားလာတယ်”ဟု တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းအတွင်း နံနက်ခင်းပိုင်းနှင့်ညနေခင်းပိုင်းတွင် ငှက်လှေစီးကာ နေဝင်ဆည်းဆာအလှကြည့်ရှုခံစားသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ ဇူလိုင်လ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာ ရှိသော်လည်း ဇူလိုင်လ တတိယပတ်မှစ၍ တောင်သမန်အင်းအတွင်း ငှက်လှေစီးသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိရှိကြောင်း၊ ပြည်တွင်းခရီးသွားများကို ငှက်လှေတစ်စီးလျှင် ငွေကျပ် ၁၅၀၀၀၊ ပြည်ပခရီးသွားများကို ငှက်လှေတစ်စီးလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့်ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျောက်မြောင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၅၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ပဲစင်းငုံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်”ဟု ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၂၀၆)

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ပဲကြီးနှင့်နိုင်လွန်ပဲ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲကြီးနှင့်နိုင်လွန်ပဲအရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ပဲကြီးနှင့် နိုင်လွန်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ် အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပဲကြီးနှင့်နိုင်လွန်ပဲကို ကုန်သည်များက ဝယ်ယူမှု ပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။

“ပဲကြီးနဲ့နိုင်လွန်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ ပေါက်ဈေးအရ ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နိုင်လွန်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် အင်းကနက်မြောက်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သာစည် ရှုလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် မန်ကျည်းခွကျေးရွာအုပ်စု အင်းကနက်မြောက်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများရွေးချယ်နိုင်ရန် ဆွေးနွေးခြင်းနှင့်စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အင်းကနက်မြောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မိုးကုတ်ဝိပဿနာတရားတော်ပြန့်ပွားရေးဌာနချုပ် ဆရာတော် ဘဒ္ဒန္တပညာစက္က က ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် တာဝန်ကျသူနာပြုဆရာမတို့က လက်ခံရယူစဉ်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၁၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ရှုလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၁၂၃ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၄၂၅၈ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၁၂၃ ကေ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးကေ ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ စပါးသီးနှံစိုက်ပျိုးရာသီမှာ အထွက်ကောင်းမျိုးတွေ စိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးနေတယ်။ စပါးအရည်အသွေးကောင်းတွေ ထွက်ရှိဖို့အတွက် အဓိကထားဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် မိုးစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေ၊ မိုးကောင်းသောက်ရေတို့ဖြင့် စိုက်ပျိုးကြပြီး ရေမင်း၊ ရွှေဘိုပေါ်ဆန်း၊ ရွှေဝါထွန်း၊ ဒေသမျိုးများကို စိုက်ပျိုးကြပြီး ရေမင်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သရက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဆင်း

**သရက် ရှုလိုင် ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ဆုရရှိသည့်သင်တန်းသားများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သရက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်မှ ယနေ့ထိ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဆက်လှ**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၁၂၇ ကေ စိုက်ပျိုးသွားမည်

**မြောင်းမြ ရှုလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၁၂၇ ကေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၁၂၇ ကေကို ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် သီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံတွေအပါအဝင်သီးနှံစုံ ၁၁၂၇ ကေထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့ အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်အသီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့်သီးနှံစုံများမှာ ကြံ ကေ ၂၀၊ ပိန်း ၅၂ ကေ၊ ဟင်းသီးဟင်းရွက် ၁၀၅၅ ကေ စုစုပေါင်း ၁၁၂၇ ကေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကွက်များထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မိုးလေဝသခန့်မှန်းရန် အတိတ်ကာလ၏ကြိုးပမ်းခဲ့မှုများ (အပိုင်း-၂)

ပါမောက္ခကိုကိုအောင်



လေဖိအားတိုင်းကိရိယာ(ဘာရိုမီတာ)ကို တွေ့ရစဉ်။

ရက်အနည်းငယ်ထက်ပို၍ မိုးလေဝသကို ခန့်မှန်းခြင်းမပြုနိုင်သည့် အခက်အခဲများရှိခဲ့ကြသော်လည်း အအေးမှအပူပြောင်းလဲခြင်း သို့တည်းမဟုတ် မိုးရွာခြင်းမှ ရာသီဥတုသာသာယာယာရှိမှု စသောပြောင်းလဲချက်များကိုမူ နှစ်ပေါင်း ၅၀၀၀ ကျော်ကျော်ကတည်းကပင် ခန့်မှန်းခဲ့ကြသည်။ လွန်ခဲ့သော ၁၉ ရာစုအတွင်းကမူ မိုးလေဝသခန့်မှန်းခြင်းက များစွာတိုးတက်လာခဲ့သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းကရရှိလိုက်သော မိုးလေဝသဗဟုသုတများကြောင့် မိုးလေဝသခန့်မှန်းနည်းတို့က များစွာပြောင်းလဲလာခဲ့သည်။ နေမျက်နှာပြင်တွင် အမဲကွက်ပြန်၍ပေါ်သောကာလသည် မိုးလေဝသမတည်ငြိမ်သောကာလနှင့် ဆက်စပ်နေသည်ကို သိရှိခဲ့ကြသည်။ ထို့ကြောင့်လည်း နေမျက်နှာပြင်တွင်၌ အမဲကွက်ပြန်၍ပေါ်သောကာလကို ကြည့်ရှုလေ့လာခြင်းဖြင့် မိုးလေဝသကို ကာလရှည်လျားစွာ ခန့်မှန်းနိုင်ဖွယ်ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။

မိုးလေဝသအပါအဝင် လောကီရေးရာ ကိစ္စများသည် ကြယ်များနှင့် ၎င်းတို့၏နက်နဲသော တန်ခိုးအာနိသင်တို့ကြောင့်ဖြစ်သည်ဟု ကမ္ဘာဦးလူတို့က ယုံမှတ်ခဲ့ကြသည်။ ကြယ်တို့က ရာသီဥတုပြန်လည်လာမှုကို ဖန်တီးနိုင်သည့်အပေါ် ကမ္ဘာဦးလူတို့က တလွဲကောက်ချက်ချကာ မိုးလေဝသပြောင်းလဲမှုကိုပင် ကြယ်တို့ကပြုလေဟန် တွေးတောခဲ့ကြသည်။ ထိုမှတစ်ဆင့် ကောင်းကင်တန်ဆာတို့က ကမ္ဘာ့ရာသီဥတုများကို ပြုပြင်ဖန်တီးသည့်နည်းတူ လူတို့၏ဘဝကိုလည်း ပြုပြင်ဖန်တီးသည်ဟု ယူဆခဲ့ကြပြန်သည်။ ဤသို့အားဖြင့် ကမ္ဘာဦးက မိုးလေဝသခန့်မှန်းခြင်းကို အကြောင်းပြုကာ ဗေဒင်အရအယူသီးမှုများကပါ တိုက်ရိုက်ပေါ်ထွက်လာခဲ့သည်။ အချို့သော ရှေးအယူသီးမှုများက ယခုထိတိုင် ယဉ်ကျေးသောနိုင်ငံတို့၌ မိုးလေဝသနှင့်ပတ်သက်သော ရှေးရိုးပုံပြင်များဖြစ်လျက်ရှိနေသေးသည်။ သာဓကအားဖြင့် လဆန်းမှသည် လမပြည့်မချင်း၊ လပြည့်မှသည် လမကွယ်မချင်း လေတိုက်ချိန် မိုးရွာချိန်တို့က ရပ်နားလိမ့်မည်မဟုတ်ဟူ၍ ယခုတိုင် လူအများက မှတ်ယူနေကြဆဲဖြစ်သည်။

လ၏လွှမ်းမိုးမှု၌ သက်ဝင်ယုံကြည်ကြသူ ပညာတတ်ပုဂ္ဂိုလ်တို့က လသည်ပင်လယ်၌ ရေတက်၊ ရေကျကို ဖြစ်စေသကဲ့သို့ လေထဲ၌လည်း အလားတူ အတက်အကျမျိုးဖြစ်သည်ဟူသော အကြောင်းပြချက်ကို ကြိုးစားရှာဖွေခဲ့ကြသည်။ လ၏ ထုထည်နှင့် လ၌ရှိသော ဆွဲငင်အားက ပြောင်းလဲခြင်းမရှိ၊ အမြဲတည်တံ့လျက်ရှိသော်လည်း လရောင်က မှိန်ချည်တစ်ခါ လင်းချည်တစ်လှည့်ဖြစ်နေသည်ကို ဖြေရှင်းရန်မူကား ထိုသူတို့က မကြိုးစားခဲ့ကြပေ။ စင်စစ် လ၏အလင်းရောင်ပြောင်းလဲမှုတို့က မိုးလေဝသပြောင်းလဲမှုနှင့် လားလားမျှပင် မသက်ဆိုင်ပေ။ မိုးလေဝသ ပြောင်းလဲပုံ မှတ်တမ်းအပြည့်အစုံကို လ၏အလင်းရောင်ပြောင်းလဲပုံတို့နှင့်ယှဉ်၍ ကြည့်သော်လည်း မည်သို့မျှဆက်စပ်မှုမရှိကြောင်းကို တွေ့ရှိခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ လူမျိုးအားလုံးတို့၏ မိရိုးဖလာ မိုးလေဝသ ရှေးရိုးပုံပြင်များထဲတွင် အဓိပ္ပာယ်များစွာရှိနေပြန်သည်။ ထိုပုံပြင်များသည် ဂဃနဏ စိစစ်ကြည့်ရှုခြင်းများပေါ်၌ အခြေခံခဲ့ကြသည်။ အတွေ့အကြုံများသော သင်္ဘောသားများနှင့် လယ်သမားများက မည်သည့်အချိန်၌ လေကြမ်းကျမည်ကို ကြိုတင်ပြောဆိုနိုင်ကြသည်။ ကောင်းကင်၏အနေအထားအထူးသဖြင့် မိုးတိမ်တို့၏ အသွင်အပြင်က မိုးလေဝသအခြေအနေတို့၏ လက္ခဏာများဖြစ်ကြသည်။ နေထီးဆောင်းခြင်း သို့တည်းမဟုတ် ပျံလွှားငှက်များနိမ့်နိမ့်ပျံသန်းခြင်းက မိုးရွာမည့်အမှတ်အသားများဟု ကမ္ဘာတစ်ဝန်းလုံးရှိ လူတို့ကသိရှိခဲ့ကြသည်။ နှင်းကျမှုထူထပ်ခြင်း သို့တည်းမဟုတ် ညအခါ ငွေရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူအောင် လသာခြင်းတို့က မိုးလေဝသအခြေအနေ သာသာယာယာရှိမည့် လက္ခဏာများဟုလည်း လူအများက အသိအမှတ်ပြုခဲ့ကြသည်။

ဘီစီ ၁၇၀ ခန့်က မက်ဆီဒိုးနီးယားနှင့် အာရှမိုင်းနားနယ်တို့တွင် ကျော်ကြားခဲ့သူ ဂရိလူမျိုး **အရာတပ်၏ အိုင်အိုဆင်းမီယား** ခေါ် ကဗျာထဲတွင် ရှေးအကျဆုံး မိုးလေဝသပညာဆိုင်ရာ မှတ်စုမှတ်ရာတို့ကို တွေ့ရှိရသည်။

အရာတပ် စုဆောင်းထားသော မိုးလေဝသပညာအတော်များများကို ခေတ်သစ် ဥရောပဘာသာစကားအမျိုးမျိုးဖြင့် ပြန်ဆိုခဲ့ပြီးဖြစ်ရာ၊ ၂၀ ရာစုခေတ်လယ်ကာလ၌ လူအများအပြားက ဖတ်ရှုလေ့လာခဲ့ကြသည်။ ၂၀ ရာစုခေတ်လယ်ကာလထိ မိုးလေဝသပညာက တိုးတက်မှုမရှိခဲ့သေးဘဲ ပြောင်းလဲမှုအသစ်အနည်းငယ်မျှကိုသာ တွေ့ရှိခဲ့ကြသည်။

၂၀ ရာစု၏ ခေတ်လယ်ကာလမတိုင်မီ ရေနွေးငွေ့အင်ဂျင်စက်၊ မီးရထားနှင့် မီးသင်္ဘောတို့ကို လူတို့က တီထွင်ခဲ့ကြသည်။ ဂြိုဟ်များသည် နေကိုလှည့်ပတ်သွားလာလျက်ရှိကြရာ ထိုကဲ့သို့ လှည့်ပတ် သွားလာစေနိုင်သည့် အားနိယာမများကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ လျှပ်စစ်ကိုလည်း ထုတ်လုပ်နိုင်ခဲ့ကြသည်။ စက်များကို လျှပ်စစ်ဖြင့် မောင်းနှင်ခဲ့ကြသည်။ လမ်းများနှင့် လူနေအိမ်များကို လျှပ်စစ်ဖြင့် အလင်းရောင်ပေးခဲ့ကြသည်။ လျှပ်စစ်ကိုသုံးစွဲ၍ သတင်းများကို ကမ္ဘာအရပ်ရပ်သို့ ထုတ်လွှင့်ခဲ့ကြသည်။ အတတ်ပညာနှင့်စွမ်းပကားတို့က ဤမျှ အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်မှုများကို ရရှိခဲ့ကြသည်တိုင် လူတို့အနေဖြင့် ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က လူတို့ထက်ပို၍မှန်ကန်စွာ မိုးလေဝသကို ခန့်မှန်းနိုင်စွမ်းမရှိခဲ့ကြပေ။ မိမိတို့၏ ဦးခေါင်းပေါ်သို့ လေကြမ်းလေစိုင်များရောက်မှသာ ၎င်း၏နောက်တွင်ကပ်လျက် မိုးတိမ်များပါလာပြီး လေအသင့်အတင့်တိုက်ကာ မိုးရွာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းနိုင်ခဲ့ကြသည်။ ထိုသို့ အခြေအနေများကို အချိန်ကပ်၍သာ ခန့်မှန်းနိုင်သည့်အတွက် ရေကြောင်းသွားသင်္ဘောများကိုသတိပေးနိုင်ရန် အချိန်ရသည့်တိုင် စိုက်ပျိုးရေးကိစ္စတို့ကိုမူ ရွှေ့ဆိုင်းရန်အချိန်မမီနိုင်တော့ပေ။

ရှောင်တခင်ဖြစ်ပေါ်လာမည့် မိုးလေဝသကို ခန့်မှန်းရန်အတွက် ဘာရိုမီတာ(လေဖိအားတိုင်းကိရိယာ)ကို တီထွင် ပြုလုပ်ခဲ့ကြသည်။ ဤကဲ့သို့သော တီထွင်မှုမျိုးက လူတို့၏စွမ်းရည်သတ္တိကို ထပ်လောင်းဖြည့်စွက်ပေးခြင်းဖြစ်သည်ဟု တွေးထင်မိခဲ့ကြရာ မှန်သင့်သလောက်လည်း မှန်ကန်ခဲ့ပေသည်။ ဘာရိုမီတာတက်သော် လေအနည်းငယ်သာကျရောက်မည်ဟူ၍ လည်းကောင်း၊ မိုးအနည်းငယ်သာ ရွာမည်ဟူ၍လည်းကောင်း ယေဘုယျအားဖြင့် ခန့်မှန်းရသည်။ ဘာရိုမီတာကျသော် လေများများ ကျရောက်မည်ဟူ၍လည်းကောင်း၊ မိုးများများရွာမည်ဟူ၍လည်းကောင်း ယေဘုယျအားဖြင့် ခန့်မှန်းရသည်။ သို့ရာတွင် မကြာခဏဆိုသလိုပင် ဘာရိုမီတာတက်လျက်နှင့်ပင် မိုးသည်းထန်တတ်ပြီး လေကလည်းထန်လာတတ်သည်။ တစ်ခါတစ်ရံ ဘာရိုမီတာကျလျက်နှင့်ပင် မိုးနည်းပြီး လေငြိမ်နေတတ်ပြန်သည်။ ထို့ကြောင့်ပင် ဘာရိုမီတာက မိုးလေဝသခန့်မှန်းခြင်းကို ပိုမိုရှုတ်ထွေးစေခဲ့သည်။

ဘာရိုမီတာတွင်းရှိ ပြဒါးက ကမ္ဘာ့မှုမှန်လေဖိအားနှင့် ချိန်သားတကျဖြစ်လျက်ရှိရာ ထိုအချက်ကို စိတ်ဝယ်စွဲမှတ်ထားမှသာလျှင် ဘာရိုမီတာ၏ပြုမှုပုံကို သဘောပေါက်နိုင်မည်ဖြစ်သည်။ ဘာရိုမီတာ၏ပြွန်အတွင်းရှိ ပြဒါးအတက်အကျသည် ဘာရိုမီတာရှိသည့်နေရာအထက်၌ လေဖိအားသိပ်သည်းမှုနည်းခြင်းနှင့် လေဖိအားသိပ်သည်းမှုများခြင်းတို့ကိုသာ ပြသခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဘာရိုမီတာက မိုးလေဝသအခြေအနေပြောင်းလဲမှုကို သွယ်ဝိုက်သောနည်းဖြင့်သာ ပြသနေခြင်းဖြစ်သည်။ ဘာရိုမီတာတစ်ခုတည်းကိုသာ မှတ်သားအလုပ်လုပ်ရသူအနေဖြင့် လေနှင့်မိုးတို့ကိုခန့်မှန်းရာ၌ ကျွမ်းကျင်မှုအတော်များများရှိရန်လိုအပ်သည်။ မိုးလေဝသပြောင်းလဲမှုကိုသက်ရောက်စေသည့် ဒေသန္တရအခြေအနေဆိုင်ရာ အသိပညာကလည်းရှိနေရန်လိုအပ်သည်။ ထို့ပြင် ရှေးခေတ်သင်္ဘောသားများနှင့် ရှေးခေတ်လယ်သမားတို့ တတ်ကျွမ်းခဲ့ကြသည့် တိမ်အကြောင်းပညာရပ်များကိုလည်း တတ်ကျွမ်းရန်လိုအပ်သည်။ ဤမျှအဘက်ဘက်မှ ပြည့်ပြည့်စုံစုံတတ်ကျွမ်းထားသည့်တိုင် မကြာခဏဆိုသလို အကြီးအကျယ်မှားယွင်းတတ်ရာ အထူးသဖြင့် နာရီပေါင်းများစွာ ကြိုတင်၍ခန့်မှန်းရာ၌ သိသိသာသာပင် လွဲချော်မှုဖြစ်ခဲ့ကြသည်။

ကမ္ဘာကို ရစ်ပတ်လွှမ်းခြုံထားသော လေထုကြီး၏ ရွေ့လျားပုံတို့ကို မြစ်တို့၏ရွေ့လျားပုံတို့နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ မြစ်၏အချို့နေရာများ၌ ဝဲကတော့များရှိကြရာ ထိုဝဲကတော့ရှိ ရေများကမြစ်အောက်ဘက်သို့ စီးဆင်းကြသည်။ မြစ်၏အချို့သော နေရာတို့တွင်ကား ဝဲဆန်များရှိကြရာ ထိုဝဲဆန်ရှိရေများက မြစ်ညာသို့ဆန်တက်ကြသည်။ မြစ်၏နေရာပေါင်းများစွာ၌ စစ်ဆေးကြည့်ရှုသည့်အခါ မည်သည့်နေရာတွင် ရေကအထက်သို့ဆန်တက်၍ မည်သည့်နေရာတွင် အောက်သို့စီးဆင်းနေသည်ကို အလွယ်တကူနှင့် စူးစမ်းရှာဖွေနိုင်သည်။ ဤသို့ဖြင့် မြစ်၏ယေဘုယျရွေ့လျားပုံများကို လေ့လာနိုင်မည်ဖြစ်သည်။ ဝဲကတော့များက နေရာပြောင်းတတ်စေကာမူ ၎င်းတို့၏လမ်းကြောင်းကို လွယ်ကူစွာပင် တွက်ချက်ယူနိုင်သည်။

တိုင်းတာမှတ်သားသူ တစ်ဦးအနေဖြင့် ရေဖိအားတိုင်းကိရိယာ တစ်ခုတည်းဖြင့် မြစ်အောက်တွင်ရှိနေသည်ဆိုပါက တစ်ခါတစ်ရံ ဖိအားတိုင်းကိရိယာက ဖိအားကျဆင်းမှုကိုပြသနေလျှင် ထိုသူက ဝဲကတော့အနီးအနားသို့ရောက်ရှိနေကြောင်း သိရှိရသည်။ သို့တည်းမဟုတ် ဖိအားကမြင့်နေသောအခါ ရေထုက မိမိအပေါ်၌ စုပုံနေကြောင်းကို သိရှိနိုင်သည်။ သို့ရာတွင် ကိရိယာတစ်ခုတည်းမျှဖြင့် ဝဲကတော့လမ်းကြောင်းများနှင့် တည်ငြိမ်နေသောရေတို့၏အကြောင်းကို မည်သို့မျှသိရမည်မဟုတ်ပေ။ အလွန်ကြီးမားကျယ်ပြန့်သည့် လေထုအောက်ရှိ တိုင်းတာမှတ်သားသူ၏ အခြေအနေကလည်း ထိုကဲ့သို့ပင်ရှိနေလိမ့်မည်ဖြစ်သည်။ ထိုသူသည် လေဖိအားပြောင်းလဲမှုကို မှတ်သားခြင်းဖြင့် လေကြမ်းက မိမိဘက်သို့ ဦးတည်တိုက်ခတ်လာနေကြောင်းကို ယေဘုယျသဘောပြောပြနိုင်သော်လည်း မည်သည့်ဘက်သို့ မည်သည့်နှုန်းဖြင့် ရွေ့သွားသည်ကိုမူကား ပြောနိုင်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် မိုင် ၅၀ ကျော်ခန့် ဝေးသောဒေသရှိ လူတို့ကိုလေကြမ်းက မည်သည့်အချိန်ပိုင်းအတွင်း ကျရောက်လာဖွယ်ရှိကြောင်းကို သတိမပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

❖ ဘာရိုမီတာတွင်းရှိ ပြဒါးက ကမ္ဘာ့မှုမှန်လေဖိအားနှင့် ချိန်သားတကျဖြစ်လျက်ရှိရာ ထိုအချက်ကို စိတ်ဝယ်စွဲမှတ်ထားမှသာလျှင် ဘာရိုမီတာ၏ပြုမှုပုံကို သဘောပေါက်နိုင်မည်ဖြစ်သည်။ ဘာရိုမီတာ၏ပြွန်အတွင်းရှိ ပြဒါးအတက်အကျသည် ဘာရိုမီတာရှိသည့်နေရာအထက်၌ လေဖိအားသိပ်သည်းမှုနည်းခြင်းနှင့် လေဖိအားသိပ်သည်းမှုများခြင်းတို့ကိုသာပြသခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဘာရိုမီတာက မိုးလေဝသအခြေအနေပြောင်းလဲမှုကို သွယ်ဝိုက်သောနည်းဖြင့်သာ ပြသနေခြင်းဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ဖြူစင်စိတ်ထား ကုသိုလ်ပွား

- လူသားတွေ အားလုံး
  လူဖြစ်မရှုံး ကြရအောင်၊
  မိမိကိုယ် ပြန်သုံးသပ်
  ဆုံးဖြတ်ခုနေ့ာင်၊
  မကောင်းစိတ် ဖယ်ကြဉ်ရှောင်
  လူတို့ဘောင် လှပရေး၊
  အရာရာ သည်းခံစိတ်
  ထိပ်တန်းမှာမွေး။

- စကားဆို လူယဉ်ကျေး
  ချိုသာအေး ပျားရည်ပမာ၊
  လူတိုင်းအပေါ် မေတ္တာတရား
  ထားပေးကြပါ၊
  စာနာစိတ် ကိုယ်ချင်းစာ
  မုဒိတာ ကရုဏာထား၊
  ပြုံးသောကံ ရောင်ပြန်ဟပ်
  မြင့်မြတ်လူသား။

- ဖြူစင်စွာ နှလုံးသားနဲ့
  အမုန်းမပွား လူ့ရွာပြည်၊
  သယ်ပိုးဆောင် ပရအကျိုး
  ကြိုးစားရမည်၊
  စိတ်နှလုံး သန့်ရှင်းကြည်
  ကုသိုလ်မှီ အဖော်ပြု၊
  ကောင်းကံတွေ ကိုယ့်ဆီရောက်ဖို့
  လှမ်းလျှောက်ယခု။ ။

ချစ်သက်(မြန်မာစာ)

# ယင်းမာပင်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၃၃၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေနှမ်း ၃၃၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေနှမ်းများကို ယခုနှစ်ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၂၃၇၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၂ ဧက စုစုပေါင်း ၃၃၂၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် နွေသီးနှံစိုက်ပျိုးရာသီက နွေနှမ်း ၃၃၂၉ ဧကထိ စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ နွေနှမ်းစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်စေဖို့ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နွေနှမ်းများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခဲ့ကြကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများပါ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကော့ဖမွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဖမွတ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ဖမွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

ကိုသက်

# မိုးနဲမြို့နယ် လွိုင်းလင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုးနဲ ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်နားကျေးရွာအုပ်စု လွိုင်းလင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းယိင်းလောင်ခမ်းက လွိုင်းလင်းကျေးရွာ ရပ်မိ၊ ရပ်ဖ၊ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ ကော်မတီဝင်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူးက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအမှန်တကယ်ဆောင်ရွက်နိုင်သည့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လွိုင်းလင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်းကို ယခုဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးစေခြင်း၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့်နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး အဓိကလုပ်ငန်းစဉ် ခြောက်ရပ်ဖြင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိသည်။

ရိုသန်းညွန့်

# နိုင်ငံတကာ သတင်းများ

## သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်အစီအစဉ်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်ပြောကြား

**ဝါရှင်တန် ဇူလိုင် ၂၂**

နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အစီအစဉ်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ဇွန်လအတွင်း ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ အကြိုစကားရည်လုပွဲ၌ ပြိုင်ဘက် ဒေါ်နယ်ထရန့်ကို အရေးနိမ့်ခဲ့ပြီးနောက် သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်အစီအစဉ်ကို စွန့်လွှတ်ရန် သမ္မတဂျိုးဘိုင်ဒင်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ဒီမိုကရက်တစ်ပါတီ၏အကျိုး၊ အမေရိကန်ပြည်သူတို့၏အကျိုးအတွက် သမ္မတရွေးကောက်ပွဲ ထပ်မံယှဉ်ပြိုင်မည့် အစီအစဉ်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း လူမှုကွန်ရက်တွင် ထုတ်ပြန်ထားသည့် ဂျိုးဘိုင်ဒင်၏ ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် နိုဝင်ဘာ ၅ ရက် သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ဒုတိယသမ္မတ ကာမာလာဟားရစ်ကို ထောက်ခံကြောင်းလည်း သမ္မတဂျိုးဘိုင်ဒင်က သတင်းထုတ်ပြန်ထားသည်။

သမ္မတ ရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုသမ္မတလောင်းကို ဒီမိုကရက်တစ်ပါတီကမရွေးချယ်မီ တစ်လခန့်အလိုတွင် သမ္မတရွေးကောက်ပွဲ ထပ်မံယှဉ်ပြိုင်ရေး အစီအစဉ်ကို စွန့်လွှတ်ရန် သမ္မတဂျိုးဘိုင်ဒင်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီသည် သမ္မတရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြုသမ္မတလောင်း ရွေးချယ်ရေးအတွက် ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံကို လာမည့် ဩဂုတ် ၁၉ ရက်တွင် ချီကာဂိုမြို့၌ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ရွှေ့ပြောင်းဝင်ရောက်သူ ရာပေါင်းများစွာ မက္ကဆီကိုမှတစ်ဆင့် အမေရိကန်နယ်စပ်သို့ စတင်ထွက်ခွာ



**မက္ကဆီကိုစီးတီး ဇူလိုင် ၂၂**

နိုင်ငံပေါင်း တစ်ဒါဇင်ခန့်မှ ရွှေ့ပြောင်းဝင်ရောက်သူ ရာပေါင်းများစွာတို့သည် ဇူလိုင် ၂၀ ရက်တွင် မက္ကဆီကိုလမ်းပိုင်းမှ တစ်ဆင့် အမေရိကန်နယ်စပ်ဆီသို့ ခြေကျင်ခရီးဖြင့် စတင်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရွှေ့ပြောင်းဝင်ရောက်သူများသည် အမေရိကန်သမ္မတရွေးကောက်ပွဲမကျင်းပမီ အမေရိကန်နယ်စပ်ဆီသို့ အရောက်သွားရန် မျှော်လင့်ထားသည်။

အမေရိကန် သမ္မတရွေးကောက်ပွဲကို ယခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့် အနိုင်ရခဲ့ပါက ဒုက္ခသည်အဖြစ် ခိုလှုံရန်ကြိုးပမ်းသူများကို အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်နိုင်ဖွယ်ရှိသည်။

လက်ရှိအချိန်တွင် သမ္မတရွေးကောက်ပွဲမတိုင်မီ အမေရိကန်နယ်စပ်သို့ အရောက်သွားလိုသည့် ရွှေ့ပြောင်းဝင်ရောက်သူများသည် မက္ကဆီကိုတောင်ပိုင်းမှ စီယူဒက်ဟီဒယ်လ်ဂိုမြို့မှတစ်ဆင့် အမေရိကန်နယ်စပ်သို့ ဦးတည်ထွက်ခွာသွားပြီဖြစ်ကြောင်း မက္ကဆီကို တာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့် နှစ်များအတွင်း မက္ကဆီကိုနိုင်ငံကိုဖြတ်၍ အမေရိကန်နိုင်ငံသို့သွားရောက်ရန် ကြိုးပမ်းနေသည့် ရွှေ့ပြောင်းဝင်ရောက်သူများမှာ ရာဇဝတ်ဂိုဏ်းများ၏ တိုက်ခိုက်မှုနှင့် မက္ကဆီကို လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူများ၏ တားဆီးမှုကို ရှောင်လွှဲရန်အတွက် လူများစွာပါဝင်သည့် အစုအဖွဲ့များဖွဲ့ကာ သွားရောက်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ယခုနှစ် ပထမခြောက်လအတွင်း ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပမာဏ ကျဆင်းခဲ့

**တိုကျို ဇူလိုင် ၂၂**

ယခုနှစ် ပထမခြောက်လတာကာလအတွင်း ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော် ကျဆင်းခဲ့ကြောင်း ဂျပန်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ သိရသည်။



ယခုနှစ် ခြောက်လတာကာလအတွင်း ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ ယန်းငွေ ၃ ဒသမ ၂၃ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ)ထိသာ ရှိခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ ပြည်ပပို့ကုန်လုပ်ငန်းများ ပြန်လည်ဦးမော့လာချိန်တွင် ယခုနှစ် ပထမခြောက်လအတွင်း ကုန်သွယ်ရေးလိုငွေပြမှုပမာဏ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်လများအတွင်း ဂျပန်ယန်းငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက တန်ဖိုးလျော့လာမှုသည် ဂျပန်နိုင်ငံ၏ ပို့ကုန်ကဏ္ဍ မြင့်တက်လာရေးအတွက် အထောက်အကူပေးနိုင်ခဲ့သည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ယခုနှစ် ပထမခြောက်လအတွင်း ဂျပန်နိုင်ငံက ဝယ်ယူတင်သွင်းသည့် သွင်းကုန်တန်ဖိုးမှာ ၃ ရာခိုင်နှုန်း မြင့်တက်လာပြီး ယန်းငွေ ၅၄ ဒသမ ၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၃၅၀)ထိ ရှိခဲ့သည်။

ထို့အတူ ဂျပန်နိုင်ငံက ပြည်ပသို့တင်ပို့သည့် ပို့ကုန်တန်ဖိုးမှာလည်း ၉ ရာခိုင်နှုန်းနီးပါး မြင့်တက်လာပြီး ယန်းငွေ ၅၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာဘီလီယံ ၃၃၀)ထိရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အလုပ်အကိုင်ခွဲတမ်းစနစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် လူဦးရေ ၅၀၀ ကျော် ဘင်္ဂလားဒေ့ရှ်အစိုးရ ဖမ်းဆီးထား

**ဒါကာ ဇူလိုင် ၂၂**

အစိုးရအလုပ်အကိုင် ခွဲတမ်းစနစ် ဆန့်ကျင်ရေးဆန္ဒပြပွဲများ၌ လူ ၁၆ ဦး သေဆုံးခဲ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က အတိုက်အခံခေါင်းဆောင်တချို့အပါအဝင် လူဦးရေ ၅၀၀ ကျော်ကို ဒါကာမြို့၌ ဖမ်းဆီးထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

ကျောင်းသားများက စတင်ခဲ့သည့် အစိုးရအလုပ်အကိုင်ခွဲတမ်းချမှုဆန့်ကျင်ရေး ဆန္ဒပြပွဲများသည် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာလက်ထက် အဆိုးရွားဆုံး နိုင်ငံရေး မငြိမ်သက်မှုများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဇူလိုင် ၁၈ ရက်မှစ၍ ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ပြီး လက်နက်ကိုင် တပ်များကိုလည်း နိုင်ငံတစ်ဝန်း ဖြန့်ကြက်ခဲ့ရသည်။

လက်ရှိအချိန်တွင် ဆန္ဒပြပွဲများအတွင်း အတိုက်အခံ ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ(ဘီအင်န်ပီ) ခေါင်းဆောင်တချို့အပါအဝင် လူ ၅၃၂ ဦးကို ဒါကာမြို့ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

အစိုးရအလုပ်အကိုင် ခွဲတမ်းအချိုးအစားကို ဘင်္ဂလားဒေ့ရှ်တရားလွှတ်တော်ချုပ်က ဇူလိုင် ၂၁ ရက်တွင် လျှော့ချပေးထားသော်လည်း ဆန္ဒပြကျောင်းသားများကို နှစ်သိမ့်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ယီမင်ဘက်မှပစ်ခတ်သည့် ဒုံးကျည်တစ်စင်းကို အစ္စရေးစစ်ဘက် ကြားဖြတ်ဟန့်တား

**ဂျေရုဆလင် ဇူလိုင် ၂၂**

ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ယီမင်နိုင်ငံဘက်မှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်တစ်စင်းကို အစ္စရေးစစ်ဘက်မှ ကြားဖြတ်ဟန့်တားခဲ့ရကြောင်း သိရသည်။

ယီမင်နိုင်ငံတွင်းရှိ ဟူသီသူပုန်ပစ်မှတ်များအား အစ္စရေးစစ်ဘက်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ယီမင်ဘက်မှ ပစ်ခတ်လိုက်သည့် ဒုံးကျည်တစ်စင်းကို အစ္စရေးစစ်ဘက်က ကြားဖြတ်ဟန့်တားခဲ့ရခြင်းဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များက တဲလ်အဗစ်မြို့ကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ဟိုဒိုင်ဒါဆိပ်ကမ်းမြို့ရှိ ဟူသီသူပုန်ပစ်မှတ်များကို အစ္စရေးစစ်ဘက်က လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟူသီသူပုန်များ၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကြောင့် တဲလ်အဗစ်မြို့၌ အစ္စရေးနိုင်ငံသားတစ်ဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။


ဟူသီတို့၏တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံက ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် လူ ခြောက်ဦး သေဆုံး၍ ၈၃ ဦးဒဏ်ရာများရရှိခဲ့ကြောင်း ယီမင်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယီမင်နိုင်ငံမှတစ်ဆင့် ဇူလိုင် ၂၁ ရက်တွင် ပစ်လွှတ်ခဲ့သော ဒုံးကျည်မှာ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်ဖြစ်ပြီး အစ္စရေးနယ်မြေအတွင်း မရောက်မီမှာပင် ယင်းဒုံးကျည်ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု အစ္စရေးစစ်ဘက်က ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အင်စီလေးဒပ်စ်ဂြိုဟ်ရံလနှင့် ယူရိုပါဂြိုဟ်ရံလ၏သမုဒ္ဒရာများ၌ သက်ရှိများတည်ရှိနေပါက ဇီဝမော်လီကျူးသဲလွန်စများ အဆိုပါဂြိုဟ်ရံလနှစ်စင်း၏ မျက်နှာပြင်အောက်တွင် တည်ရှိနေနိုင်



**ဝါရှင်တန် ဇူလိုင် ၂၂**

အင်စီလေးဒပ်စ် ဂြိုဟ်ရံလနှင့် ယူရိုပါဂြိုဟ်ရံလ၏ သမုဒ္ဒရာများ၌ သက်ရှိများတည်ရှိနေပါက ဇီဝမော်လီကျူးသဲလွန်စများ အဆိုပါဂြိုဟ်ရံလနှစ်စင်း၏ မျက်နှာပြင်အောက်တွင် တည်ရှိနေနိုင်ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ ဂြိုဟ်ရံလ ၁၄၆ စင်း အနက် တစ်စင်းဖြစ်ပြီး ယူရိုပါဂြိုဟ်ရံလမှာ ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလ ၉၅ စင်းအနက် တစ်စင်းဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်ရံလနှစ်စင်းပေါ်တွင် သက်ရှိများ ရှင်သန်နိုင်ဖွယ်ရှိသော မြေအောက်သမုဒ္ဒရာများ တည်ရှိနေနိုင်ကြောင်း ရှေးယခင်ကပင် သိပ္ပံပညာရှင်များက သီအိုရီသဘောအရ ယူဆထားသည်။

သို့ရာတွင် ယူရိုပါဂြိုဟ်ရံလနှင့် အင်စီလေးဒပ်စ်ဂြိုဟ်ရံလ မျက်နှာပြင်ပေါ်ရှိ သက်ရှိများ၏ဇီဝမော်လီကျူးများမှာ နေ၏ဖြာထွက်ရောင်ခြည်ဒဏ်ကြောင့် ပျက်စီးသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါဂြိုဟ်ရံလများပေါ်၌ သက်ရှိများရှိခဲ့ပါက အဆိုပါသက်ရှိများ၏ ဇီဝမော်လီကျူးများမှာ ဂြိုဟ်ရံလရေခဲမျက်နှာပြင်အောက်၌ ဆက်လက်ရှင်သန်နေနိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလနှင့် ယူရိုပါဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း သက်ရှိများ တည်ရှိနေနိုင်သော ဂြိုဟ်ရံလများ ဖြစ်နိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ဂျာမနီနိုင်ငံသား အမျိုးသားတစ်ဦး HIVကင်းစင်သွားသည့် ကမ္ဘာ့သတ္တမမြောက်လူသားဖြစ်လာနိုင်

**ဘာလင် ဇူလိုင် ၂၂**

ဂျာမနီနိုင်ငံသား အမျိုးသားတစ်ဦးသည် ခုခံအားကျဆင်းမှုရောဂါပိုင်းရပ်(HIV) ကင်းစင်သွားသည့် ကမ္ဘာ့သတ္တမမြောက်လူသားဖြစ်လာနိုင်ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

အသက် ၆၀ အရွယ် အဆိုပါဂျာမနီအမျိုးသားသည် Myeloid Leukemia ခေါ် သွေးကင်ဆာရောဂါတစ်မျိုးကို ပင်မဆဲလ်အစားထိုးကုထုံးဖြင့် ကုသမှုခံယူခဲ့ပြီးနောက် ၎င်းတွင်ရှိနေသော HIV ဗိုင်းရပ်များ ကင်းစင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမျိုးသားသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သွေးကင်ဆာရောဂါအတွက် ပင်မဆဲလ်အစားထိုး ကုထုံးရယူပြီးနောက် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် HIV တိုက်ဖျက်ရေးဆေးများသုံးစွဲမှုကို ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် ၎င်းအမျိုးသား၏ HIV ဗိုင်းရပ်များ ရှိနေမှုအဆင့်မှာ ရှာဖွေစစ်ဆေး၍မရနိုင်သောအဆင့်သို့ ကျဆင်းနေသည်ကို တွေ့ရကြောင်း ဂျာမနီဆေးပညာရှင်များက ပြောကြားသည်။

ယခင်က HIV ဗိုင်းရပ်ကင်းစင်ခဲ့ဖူးသော လူနာခြောက်ဦးတို့မှာလည်း Myeloid Leukemia ကဲ့သို့ သွေးကင်ဆာရောဂါများအတွက် ပင်မဆဲလ်အစားထိုးကုထုံးများ ရယူထားခဲ့သူများဖြစ်ကြသည်။

၎င်းလူနာများအတွက် ပင်မဆဲလ်များ လှူဒါန်းခဲ့သူများတွင် CCR5-Delta 32 ခေါ် မျိုးဗီဇတစ်မျိုးကို သဘာဝအလျောက် ပိုင်ဆိုင်ထားသူများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာက ၁၆ ဆိုက်ခီဂြိုဟ်သိမ်၏ တန်ဖိုးစုစုပေါင်းကို ပြင်ဆင်သတ်မှတ်ထား

**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ၁၆ ဆိုက်ခီဂြိုဟ်သိမ်၏ တန်ဖိုးစုစုပေါင်းကို ပြင်ဆင်သတ်မှတ်ထားကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

နာဆာ၏ ခန့်မှန်းချက်သစ်အရ ၁၆ ဆိုက်ခီဂြိုဟ်သိမ်၏ တန်ဖိုးစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ကွင်တီလီယံ ၁၀၀ ထိ ရှိကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ တစ်ကွင်တီလီယံ၏ပမာဏမှာ တစ်ဂဏန်းနောက်တွင် သုည ၁၉ လုံးဖြစ်ကြောင်း သိရသည်။

နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်း တည်ရှိသည့် ၁၆ ဆိုက်ခီဂြိုဟ်သိမ်ကို ရွှေ၊ သံ၊ ပလက်တီနမ်နှင့် နီကယ်စသည့် အဖိုးတန်သတ္တုများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်ကို လေ့လာရေးအတွက် နာဆာအဖွဲ့သည် ဆိုက်ခီအမည်ရှိ ဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ် တစ်စင်းကို ၂၀၂၃ ခုနှစ်တွင် လွှတ်တင်ထားကြောင်း သိရသည်။



ဆိုက်ခီဂြိုဟ်သိမ်လေ့လာရေး အာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် ၁၆ ဆိုက်ခီဂြိုဟ်သိမ် သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## သစ်သီးခြောက်များစားသုံးမှုက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဇူလိုင် ၂၂**

သစ်သီးခြောက်များ စားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သစ်သီးခြောက်များစားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

သစ်သီးခြောက်များသည် သရေစာနေရာ၌ အစားများသည့်ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာတစ်မျိုး ဖြစ်လာသော်လည်း သကြားဓာတ်ပါဝင်မှုအဆင့်ကြောင့် ဆီးချိုရောဂါနှင့် ဆက်စပ်နေမည့်အရေးကို စိုးရိမ်ခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သစ်သီးခြောက်များ စားသုံးခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်သည်ကို တွေ့ရှိရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ပါဝင်သည့် စမ်းသပ်မှုတစ်ခုမှ ထွက်ပေါ်လာသည့် ရလဒ်များကို အခြေခံ၍ ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

သစ်သီးခြောက်များတွင် အမျှင်ဓာတ်၊ ဗီတာမင်ဓာတ်များနှင့် တွင်းထွက်ဓာတ်များကဲ့သို့ အဓိကကျသည့် အာဟာရဓာတ်များပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## ကမ္ဘာဦးမြွေမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၂၂**

လွန်ခဲ့သောနှစ်ပေါင်း ၃၈ သန်းခန့်က ရှင်သန်ခဲ့ကြသည့် ကမ္ဘာဦးမြွေမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်သိပ္ပံပညာရှင်များက ဝိုင်အိုးမင်းပြည်နယ်အနောက်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။



အဆိုပါမြွေမျိုးစိတ်သစ်ကို Hibernophis Breithaupti ဟူ၍ အယ်လ်ဘာတာတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည်Hibernophis Breithaupti မြွေလေးကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အောင်းခိုဝပ်ကျင်းတစ်ခုတည်းမှာပင် တစုတဝေးတည်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အောင်းခိုဝပ်ကျင်းတစ်ခုတည်း၌ လေးကောင်စလုံးကို တစုတဝေးတည်း တွေ့ရှိရမှုသည် Hibernophis Breithaupti မြွေများ၏ စုပေါင်းနေထိုင်တတ်သည့်သဘာဝကို ပြသနေကြောင်း သိရသည်။

Hibernophis Breithaupti မြွေများသည် ယနေ့ခေတ်စပါးကြီးနှင့် စပါးအုံးမြွေများပါဝင်သည့် Booidea ခေါ် မြွေမျိုးရင်းဝင် မြွေများဖြစ်နိုင်ကြောင်း သိရသည်။

Hibernophis Breithaupti မြွေကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခြင်းဖြင့် ယနေ့ခေတ် စပါးကြီးနှင့် စပါးအုံးမြွေများ မည်သို့ဆင့်ကဲပေါ်ထွက်လာသည်ကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမား တိုမီယာဆု ရာသီအကြိုခြေစမ်းပွဲစဉ်ကို လွဲချော်မည်ဟု အာဆင်နယ်အသင်းထုတ်ပြန်

**လန်ဒန် ဇူလိုင် ၂၂**

အာဆင်နယ်အသင်း ခံစစ်ကစားသမား တိုမီယာဆုသည် ဒူးဒဏ်ရာ သက်သာလာခြင်းမရှိသည့်အတွက် ရာသီအကြိုခြေစမ်းပွဲကစားရမည့် အမေရိကန်ခရီးစဉ်ကို လိုက်ပါနိုင်ခြင်းမရှိဘဲ လန်ဒန်မြို့တွင်သာ ဒဏ်ရာကုသမှုများ ပြုလုပ်ရန်ကျန်ရှိခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမား တိုမီယာဆုသည် ၂၀၂၁ ခုနှစ်က ဘိုလော့နာအသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ဇီချန်ကို၊ ကီဝီရော်၊ တင်ဘာတို့၏နောက်တွင် လူစားဝင်ကစားသမား အဖြစ်သာ ပါဝင်ကစားခဲ့ရသော်လည်း နည်းပြ အာတီတာက ညာတောင်ပံတွင် ကစားနေသည့် တိုမီယာဆုကို ဘယ်တောင်ပံခံစစ်ပိုင်းတွင် စတင်အသုံးပြုခဲ့ပြီးနောက် အသင်းတွင် ပုံမှန်ပွဲကစားခွင့် ရရှိလာခဲ့ကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘယ်တောင်ပံခံစစ်ပိုင်းတွင် ပြိုင်ပွဲစုံ ပွဲ ၃၀ ထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့ပြီးနောက် နည်းပြ အာတီတာက ဘယ်တောင်ပံတွင် အလှည့်ကျစနစ်ဖြင့် ကစားစေခဲ့သည်။

တိုမီယာဆုသည် လက်ရှိတွင် ဒူးဒဏ်ရာရရှိနေသဖြင့် နည်းပြ အာတီတာက ဒဏ်ရာကုသမှုပြုလုပ်နိုင်ရန် အမေရိကန်ခရီးစဉ်ကို ခေါ်ယူခဲ့ခြင်းမရှိဘဲ လန်ဒန်မြို့တွင်သာ ဒဏ်ရာကုသမှုပြုလုပ်ရန် ချန်ခဲ့ကြောင်း သိရသည်။

အမေရိကန်ခရီးစဉ်သို့ သွားရောက်မည့် အာဆင်နယ်အသင်း ခံစစ်ပိုင်းတွင် တိုမီယာဆုနှင့် တီယာနေးတို့သာ ကျန်ရှိခဲ့ပြီး ဘန်ဝိုက်၊ ဇီချန်ကို၊ တင်ဘာ၊ နစ်ဟိုးလ်၊ ကီဝီရော်၊ ဟီးဗန်း၊ ရီကစ်တို့ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းက အရန်ဂိုးသမားအဖြစ် အသက် ၃၁ နှစ်ရှိ ဝုဗ်အသင်းဂိုးသမား ဘန်တလေကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၀၀၀၀၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ဝုဗ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင်တစ်သန်းထိ တောင်းဆိုထားကြောင်း သိရသည်။
- ဆော်ဒီပရိုလိဂ် အယ်အာလီအသင်းက မက်ဆီမန်၏နေရာတွင် အစားထိုးနိုင်ရန် အာဆင်နယ်တိုက်စစ်မှူး ဂျီးဆပ်စ်နှင့် စပါးအသင်း တောင်ပံကစားသမား ရစ်ချာလီဆန်တို့ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။
- ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား တိုင်လာအဒမ်သည် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရသောကြောင့် ရာသီအကြိုခြေစမ်းပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းက ဆိုစီဒက်တောင်ပံကစားသမား ကူဘိုကို ခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းဖြင့် တရားဝင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**ML**

# Swedish Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘော်ဂတ်စ် ဆွတ်ခူးရရှိ




**ဘက်စတက် ဇူလိုင် ၂၂**

ဆွီဒင်နိုင်ငံ ဘက်စတက်မြို့တွင်ကျင်းပခဲ့သည့် Swedish Open တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်း ဗိုလ်လုပွဲတွင် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် ပေါ်တူဂီ တင်းနစ်ကစားသမား ဘော်ဂတ်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘော်ဂတ်စ်က (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ဘော်ဂတ်စ်က အဘက်ဘက်မှ အသာစီးရယူကာ ပြတ်သားသည့် ရလဒ်များဖြင့် ရာဖေးလ်နာဒယ်အား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် နောက်ပိုင်း တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ ပြန်လည်တက်လှမ်းခွင့်ရခဲ့သည့် ရာဖေးလ်နာဒယ်အတွက် ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းမှာ စိတ်ပျက်စရာဖြစ်ခဲ့ရသော်လည်း ပဲရစ်အိုလံပစ် အားကစားပွဲတော်အတွက် ပြင်ဆင်မှုမှာ ကောင်းမွန်သည့်အနေအထားတစ်ခုသို့ ရောက်ရှိခဲ့သည်။

ဘော်ဂတ်စ်က "ရာဖေးလ်လိုကစားသမားမျိုးကို အနိုင်ယူပြီး ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရမယ်ဆိုတာ ကျွန်တော့်အတွက် မျှော်လင့်မထားတဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒီလိုအဖြစ်အပျက်က ကျွန်တော့်အတွက် ဖြစ်လာတော့ ဘာနဲ့မှမတူတဲ့ခံစားမှုမျိုးခံစားရတယ်။ ကျွန်တော်အပါအဝင် ပရိသတ်တွေအားလုံးလဲ ရာဖေးလ်ကို အနိုင်ရစေချင်နေကြတယ်။ ဒါပေမဲ့လဲ ကျွန်တော့်ရဲ့ ထင်မှတ်မထားတဲ့ခွန်အားတွေကြောင့် ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုကို ရယူနိုင်ခဲ့တယ်။ အရမ်းဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုအား အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီ ဆွတ်ခူး

**ပရက်စ်တွစ် ဇူလိုင် ၂၂**

ဗြိတိန် ပရက်စ်တွစ်မြို့ရှိ ပရက်စ်တွစ် ဂေါက်ကလပ်တွင် ကျင်းပခဲ့သည့် ၁၅၂ ကြိမ်မြောက် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမေရိကန် ဂေါက်သီးရိုက် ကစားသမား ရှောင်ဖီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟောစချယ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြပြီး တောင်အာဖရိက ဂေါက်သီးရိုက် ကစားသမား လောရန့်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည့် ရှောင်ဖီလီသည် ပြီးခဲ့သည့် မေလကလည်း PGA Championship ဆုဖလားကို ဆွတ်ခူးရရှိထားသည့်အတွက် ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက် ရာသီအတွင်း အဓိကဆုဖလားနှစ်လုံးကို ဆွတ်ခူးရရှိထားသည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။




ရှောင်ဖီလီသည် အဓိကဆုဖလားနှစ်လုံးကို ဆွတ်ခူးထားနိုင်သည့်အတွက် ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီ၏ တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုကို ဆွတ်ခူးနိုင်ရန် ထိပ်ဆုံးမှ ရေပန်းစားလာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မက္ကဆီကိုအသင်း နည်းပြတာဝန်ထမ်းဆောင်ရန် ရာဖာမားကွက်ဇ် ဘာစီလိုနာ(ဘီ)အသင်းမှ နုတ်ထွက်

**ဘာစီလိုနာ ဇူလိုင် ၂၂**

ဘာစီလိုနာ(ဘီ) အသင်းကို တာဝန်ယူနေသည့် နည်းပြရာဖာမားကွက်ဇ်သည် မက္ကဆီကိုအသင်း နည်းပြတာဝန် ထမ်းဆောင်ရန် မက္ကဆီကို ဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူညီမှု ရရှိခဲ့သည့်အတွက် အသင်းနှင့် လမ်းခွဲခဲ့ကြောင်း သိရသည်။



မက္ကဆီကိုလူမျိုး ရာဖာမားကွက်ဇ်သည် ကစားသမားဘဝတွင် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ ဘာစီလိုနာအသင်းနှင့် ကစားခဲ့ရာ လာလီဂါဖလား လေးကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်နှင့် အခြားဆုဖလားများစွာ ရရှိခဲ့ပြီး ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ဘာစီလိုနာ(ဘီ) အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ကာ အသင်းကို ဒုတိယတန်းကလပ်သို့ တက်ရောက်နိုင်မည့် play-off အဆင့်ထိ ပို့ဆောင်နိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း play-off အဆင့်ထိရောက်ရှိခဲ့ကာ ဗိုလ်လုပွဲတွင် ကော်ဒိုဘာအသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရာဖာမားကွက်ဇ်သည် အသင်းကို ၎င်း၏အတွေ့အကြုံများဖြင့် ခြေစွမ်းပိုင်းနှင့် ရလဒ်ပိုင်းတိုးတက်လာအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပြီး ၎င်းလက်ထက်တွင် အသင်းမှ လူငယ်ကစားသမား အများအပြားကို ဘာစီလိုနာ စီနီယာအသင်းက ခေါ်ယူခဲ့ရကာ ၎င်းအနေဖြင့် ဘာစီလိုနာ(ဘီ)အသင်းကို ဘောလုံးရာသီနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၈၂ ပွဲ ကိုင်တွယ်ခဲ့ရာ ပွဲ ၄၀ နိုင်၊ ၂၁ ပွဲသရေ၊ ၂၁ ပွဲရှုံး ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

လက်ရှိတွင် မက္ကဆီကိုအသင်းသည် ရာဖာမားကွက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိကြောင်းသာ ထုတ်ပြန်ထားပြီး စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ဖယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို မော်ဂန်ဆွတ်ခူး

**ဖလော်ရီဒါ ဇူလိုင် ၂၂**

ကမ္ဘာ့ဖယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နီနှင့် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့မယ် မော်ဂန်တို့ ဇူလိုင် ၂၀ ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် တမ်ပါမြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဆာရန်နီက ဒုတိယမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ဆာရန်နီသည် လာမည့်နိုဝင်ဘာလတွင် ကမ္ဘာ့စူပါလိုက်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာနှင့် ထိုးသတ်သွားမည်ဖြစ်ပြီး ယင်းပွဲစဉ်မတိုင်မီ ပြင်ဆင်မှုအနေဖြင့် မော်ဂန်ဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆာရန်နီသည် လက်ဝှေ့လောကတွင် ကျင်လည်လာသည့် သက်တမ်းတစ်လျှောက် မတူညီသည့် ဝိတ်တန်းခုနစ်ခုတွင် ချန်ပီယံခါးပတ်များအား ဆွတ်ခူးရရှိထားသူဖြစ်ပြီး စူပါလိုက်ဝိတ်တန်းတွင်လည်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို ရလိုသည့်အတွက် ကေတီတေလာနှင့် ထိုးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဆာရန်နီက "မော်ဂန်က ယှဉ်ပြိုင်ရခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ အခွင့်အရေးကောင်းတွေရခဲ့လို့ ပွဲကစောစောပြီးဆုံးသွားခဲ့တာပါ။ ကျွန်မအနေနဲ့ ကေတီနဲ့ပွဲစဉ်အတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေခြင်းလဲဖြစ်ပါတယ်။ မော်ဂန်ကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ခြင်းဟာ ကေတီနဲ့ပွဲစဉ်အတွက် လုံလောက်တဲ့ပြင်ဆင်မှုတွေ ရနေပြီဆိုတာကို သက်သေပြနေတယ်။ ကေတီနဲ့ ပထမတစ်ကြိမ်တွေ့ဆုံခဲ့စဉ်က ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ပဲ ရှုံးနိမ့်ခဲ့တာပါ။ ဒီတစ်ကြိမ်ကတော့ ကျွန်မအတွက် လိုချင်တဲ့ အောင်မြင်မှုတွေ ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးအားကစားကွင်းတို့တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ လယ်ဝေးမြို့ လယ်ဝေး အားကစားကွင်းတွင် ကရင်ပြည်နယ် အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအပြီးတွင် အုပ်စုပွဲစဉ်များအဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ပြင်သစ်နိုင်ငံသို့ထွက်ခွာ



**ရန်ကုန် ဇူလိုင် ၂၂**

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့်အတူ မြန်မာအားကစားအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြင်သစ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

သက်ထားသူဇာသည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရရှိရန်အတွက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်နှင့် ယခုနှစ်တို့တွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်၍ ရမှတ်များ စုဆောင်းခဲ့ပြီး သတ်မှတ်ချက်အဆင့် ပြည့်မီခဲ့ပြီးနောက် ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၄ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာသည် အုပ်စု( C )တွင် လက်ရှိ ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နေသည့် ဂျပန်ထိပ်တန်း ကြက်တောင်မယ် ယာမာဂူချီ၊ ကမ္ဘာ့အဆင့်(၃၁)နေရာတွင် ရပ်တည်နေသည့် ကနေဒါကြက်တောင်မယ် မီရှယ်လီလိုင်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး သက်ထားသူဇာသည် ကမ္ဘာ့အဆင့်(၄၃)နေရာတွင် ရပ်တည်နေသည့်အတွက် အုပ်စုတွင် သူမထက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်မားသူများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

သက်ထားသူဇာသည် သူမ၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်လျှောက် ပြီးခဲ့သည့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ယခုအခါ ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲကိုလည်း ဝင်ရောက်ကစားခွင့် ရရှိထားသည့်အတွက် ဒုတိယမြောက်ပြိုင်ပွဲအဖြစ် ဝင်ရောက် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

၂၀၂၄ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၇ ရက်တွင် စတင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ကွင်းလယ်ကစားသမား အိုနာနာကိုခေါ်ယူရန် အေဗီလာအသင်း ဆေးစစ်မှုပြုလုပ်

**လန်ဒန် ဇူလိုင် ၂၂**

အေဗီလာအသင်းသည် ကွင်းလယ်ပိုင်းအတွက် အဲဗာတန်အသင်း ကွင်းလယ်ကစားသမား အိုနာနာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူပြီးခဲ့ပြီးနောက် ဆေးစစ်မှုများပြုလုပ်နေကြောင်း သိရသည်။

အိုနာနာသည် ၂၀၂၂ ခုနှစ်က လိုင်လီအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ရောက်ရှိခဲ့ပြီး အဲဗာတန်အသင်းတွင် ပြိုင်ပွဲစုံ ၇၂ ပွဲထိ ပါဝင်ခွင့်ရရှိခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၃၇ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

အေဗီလာအသင်းသည် ဘဏ္ဍာရေးအခက်အခဲကြောင့် ကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်ကို ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့သော်လည်း ဂျူဗင်တပ်အသင်းမှ လူငယ်ကစားသမား ဘာရန်နီချီယာကို ပြန်လည်ခေါ်ယူနိုင်ခဲ့သည့်အပြင် လူတန်အသင်း ကွင်းလယ်ကစားသမား ဘာကလေကိုလည်း ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

နည်းပြအမ်မရီသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် အသင်းလူစာရင်းကို ဖြည့်တင်းလျက်ရှိကာ အဲဗာတန်အသင်း ကွင်းလယ်ကစားသမား အိုနာနာကို ဘာစီလိုနာအသင်း၊ အာဆင်နယ်အသင်းတို့နှင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး ယခုအခါ ကလပ်အသင်းနှစ်ခုကြား ပြောင်းရွှေ့ကြေး သဘောတူညီမှုရရှိခဲ့ပြီးနောက် ကစားသမားအနေဖြင့် အေဗီလာအသင်းတွင် ဆေးစစ်မှုခံယူလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရပြီး YREO အသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး YREO အသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် ပန်းအိနွယ်၊ ပွဲချိန် ၅၇ မိနစ်တွင် ယွန်းဝတီလှိုင်၊ ပွဲချိန် ၈၃ မိနစ်တွင် ဝင်းသီရိထွန်း၊ ပွဲချိန် ၉၄ မိနစ်တွင် နှင်းလင်းလတ်လှိုင်တို့က သွင်းယူပေးခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် နန်းဖြူဖြူသွယ်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် YREO အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး YREO အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၅၀ တွင် စုစုခိုင်က သွင်းယူနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၉၄ မိနစ်တွင် မြတ်နိုးခင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အခြေခံဥပဒေသရဲ့ သဘော

**စောဖိုးဆွား**

ဘာလုပ်ရင်ဘာဖြစ်လာမယ်ဆိုတာ အချို့အချက်က ကြိုတင်ပြီးမသိရ၊ မမြင်ရပါဘူး။ ယေဘုယျလောက် ခန့်မှန်းလို့ရပေမယ့် ဘာကိုလုပ်ရင် ဘာတွေကောင်းကျိုးရမယ်။ ဘယ်အရာတွေလုပ်ရင်တော့ ဘယ်လိုဆိုးကျိုးတွေ တွေ့ရလိမ့်မယ်ဆိုတာတွေဟာ တတ်သိနားလည်သူတွေ ရေးသားထားတာတွေကို ရှာဖွေလေ့လာမှသာ သိမြင်နိုင်ပါတယ်။ ဘယ်အရာမှ အကြောင်းမရှိဘဲနဲ့ အကျိုးရလဒ်မထွက်ပေါ်ပါဘူး။ အကျိုးရလဒ်တစ်ခုခုပေါ်ထွက်လာတာဟာလည်း အကြောင်းရင်းတစ်ခုတည်းမကဘဲ အကြောင်းပေါင်းများစွာ စုပေါင်းဆုံစည်းပြီး ဖြစ်ပေါ်လာတတ်တဲ့သဘောမျိုးလည်းရှိပါတယ်။

အကြောင်းရင်းခံအချက်တွေကလည်း အမျိုးအစားကွဲပြားတာတွေရှိသေးတယ်။ အကျိုးတစ်ရပ်ပေါ်ထွက်ဖို့ရာ လူသားတစ်ယောက်မှာ ကွာဝေးတဲ့အကြောင်းရင်းခံ အရင်းအမြစ် ခြောက်မျိုးရှိပါသတဲ့။ သိလွယ်မြင်လွယ်အောင် နမူနာသာဓကဖော်ပြတာနော်။ ပဋ္ဌိစ္စသမုပ္ပါဒ် ပဋ္ဌာန်းတရားတော်ကို သိမြင်နားလည်သည်ထိတော့ စာရေးသူလည်း မရှင်းပြနိုင်သေးပါ။

ဟေတုဆိုတဲ့ ပါဠိစကားကို မြန်မာမှုပြုထားတဲ့ ဟိတ် ခြောက်ပါးပေါ့။ စာဖတ်သူတချို့လည်း သိပြီးသားနေမှာပါ။

၁။ **လောဘဟိတ်** လိုချင်တပ်မက်တဲ့စေ့ဆော်မှု။

၂။ **ဒေါသဟိတ်** စိတ်ဆိုး၊ အလိုမကျတဲ့စိတ်။

၃။ **မောဟဟိတ်** မသိ၊ နားမလည်တဲ့တွန်းအား။

၄။ **အလောဘဟိတ်** ပေးကမ်းမျှဝေလိုတဲ့စေတနာ၊ ရယူလိုမှုမရှိခြင်း။

၅။ **အဒေါသဟိတ်** မေတ္တာဗြဟ္မာစိုရ်စိတ်ထား။

၆။ **အမောဟဟိတ်** သိမြင်နားလည်ဆင်ခြင်နိုင်စွမ်းပညာ။

မိမိမှာ အထုံသဘော၊ အလေ့အကျင့်သဘောရှိနေတတ်တဲ့အကြောင်းခံတစ်မျိုးမျိုးပေါ့။ အကြောင်းရင်းနောက်တစ်မျိုးလည်းရှိပါသေးတယ်။ အာရုံသိခြင်း၊ ခံစားခြင်းမှ စေ့ဆော်တဲ့သဘောတွေပေါ့။ အာရုံခံအင်္ဂါတွေကို ထိပါးဆက်စပ်လို့ ပေါ်ပေါက်လာတဲ့ အာရုံသိခြင်းမှ ခံစားမှုတွေပါ။

၁။ **မြင်သိစိတ်** (မျက်စိ)

၂။ **ကြားသိစိတ်** (နား)

၃။ **နံသိစိတ်** (နှာခေါင်း)

၄။ **ပါးစပ်အရသာခံစိတ်** (လျှာ)

၅။ **ကိုယ်ခန္ဓာကထိတွေ့သိစိတ်** (ခန္ဓာ)

၆။ **စိတ်အာရုံတွေးတောကြံဆမှု** (စိတ်)

အကြောင်းပြုသောသဘောရှိတာတွေက ၂၄ ပစ္စည်းတောင်ရှိပါတယ်။ ဟေတု(ဟိတ်)နဲ့ အာရမ္မန(အာရုံ)ကိုသာ နမူနာဖော်ပြခြင်းဖြစ်ပါတယ်။ ၂၄ ပစ္စည်းကိုကောင်းစွာနားလည်ရင် ပဋ္ဌာန်းတရားတော်တွေကို မြန်မာလို နားလည်သဘောပေါက်တော့တာပါပဲ။

အလားတူအကြောင်းကြောင့် အကျိုးပေါ်ထွက်တဲ့ သဘောတွေကို ရှေးကပုဂ္ဂိုလ်တွေက လေ့လာဖော်ထုတ်ပြီး ရေးသားထားတဲ့အတွက် အလွယ်တကူသိမြင်နိုင်ပါတယ်။ ဥပမာ စာဖတ်ခြင်းကြောင့် ဘာအကျိုးတွေရနိုင်သလဲဆိုတာသိရအောင် ရှာဖွေမယ်ဆိုပါစို့၊ တစ်ခါက စာရေးသူစုဆောင်းတွေ့ရှိဖူးတာ အချက်ပေါင်း ၄၃ ချက်တွေ့ရဖူးပါတယ်။ အင်္ဂလိပ်လိုပါ။ မြန်မာလိုပြန်ပြီး ဆောင်းပါးတစ်ပုဒ် ဂျာနယ်တစ်စောင်မှာ ရေးခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့ ၁၅နှစ်ကျော်ဆီက ဒို့ကျေးရွာဂျာနယ်မှာ ဖြစ်ပါတယ်။ အခုဒီနေရာမှာတော့ မြန်မာလိုရေးထားတာ အဆင်သင့်တွေ့ရတဲ့ ၁၆ ချက်ကိုပဲကူးယူပြီး နမူနာအနေနဲ့ ဖော်ပြလိုက်ပါရစေ။ စာဖတ်ခြင်းအားဖြင့် ရတဲ့အကျိုးတွေက-

၁။ မှတ်ဉာဏ်ပိုကောင်းစေတယ်။

၂။ အသိပညာတိုးပွားတယ်။ အသိအမြင်ကျယ်တယ်။

၃။ ဝေဖန်ပိုင်းခြားမှုနဲ့ ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည် အားကောင်းစေပါတယ်။

၄။ မိမိရဲ့အသက်မွေးဝမ်းကျောင်းကို အထောက်အကူဖြစ်စေပါတယ်။

၅။ စာရေးသားခြင်းစွမ်းရည် တိုးတက်စေတယ်။

၆။ စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတွေကို လျော့နည်းစေတယ်။

၇။ အာရုံစူးစိုက်မှု ပိုကောင်းလာစေတယ်။

၈။ စိတ်ခွန်အားလှုံ့ဆော်မှုကို တိုးတက်စေတယ်။

၉။ ကိုယ်ပိုင်အရှိန်အဟုန်နဲ့ သင်ယူနိုင်စေတယ်။

၁၀။ စိတ်ကူးဉာဏ်ကို လှုံ့ဆော်တယ်။

၁၁။ စာနာစိတ်ကို တိုးပွားစေတယ်။

၁၂။ ကောင်းမွန်တဲ့အိပ်စက်ခြင်းကို အထောက်အကူပြုတယ်။

၁၃။ စကားပြောစွမ်းရည်ကို တိုးတက်စေတယ်။

၁၄။ စာဖတ်ခြင်းဟာ အဖော်ကောင်း၊ အဖော်မွန်ရခြင်းတစ်မျိုးလည်းဖြစ်တယ်။ သစ္စာရှိတဲ့ မိတ်ဆွေပဲ။

❖ အကြောင်းအကျိုးဆက်နွယ်မှုတွေကို စာပေဖတ်ရှုခြင်းအားဖြင့် ပို၍ပို၍ အသေးစိတ်တစ်ခုချင်းအပေါ် လေးလေးနက်နက်၊ တိတိကျကျ ပိုပိုပြီး သိမြင်သဘောပေါက်လာရတယ်။ တွေ့ရမယ်။ ကိုယ်တိုင်သိပါလိမ့်မယ်။ အကြောင်းအကျိုးကို ဟေတုပစ္စယော၊ အာရမ္မနပစ္စယောတို့နဲ့ စာဖတ်ခြင်းနဲ့ သာဓကတွေပြပြီးပြီ။ အခြေခံဥပဒေသဆိုတာ အကြောင်းအကျိုးဆက်နွယ်မှုရှိကြတဲ့ သဘောလက္ခဏာတွေကို တိတိကျကျ ဆက်စပ်သိရှိရခြင်းပါပဲ။ ဒါဟာ အတတ်ပညာလည်းဟုတ်တယ်။ နည်းပညာလည်းဟုတ်တယ်။ ဒီအခြေခံသဘောတရားတွေကို သဘောပေါက်နားလည်ပြီး အသုံးချတတ်ရင် အလွယ်တကူ အဆင်ပြေအောင်မြင်စေတာပေါ့။ ❖

၁၅။ အသက်ရှည်ဖို့ အထောက်အပံ့ဖြစ်စေတယ်။

၁၆။ စိတ်တူကိုယ်တူ မိတ်ဆွေတွေလည်း တိုးပွားစေပါတယ်။

ဒါက စာဖတ်သူ အချက်တစ်ခု၊ စာတစ်ကြောင်းကိုဖတ်လိုက်ရင်ပဲ အကျယ်ကို ကိုယ်တွေ့အတွေ့အကြုံအရ စိတ်ထဲမှာ ကောင်းကျိုးရတဲ့ လက်တွေ့အချက်တွေလည်း ဆက်ပြီး စဉ်းစားမိလာမှာပါ။ ရှေ့ဆက်ရေတွက်စရာတွေ စာဖတ်သူစိတ်ထဲမှာပေါ်လာတာတွေ ဆက်လက်ရေးသားဖော်ပြပါရစေ။ ဥပမာအနေနဲ့ပါ-

၁၇။ စာဖတ်ခြင်းကြောင့် လူမှုဆက်ဆံရေး ပိုကောင်းစေတယ်။

၁၈။ နားလည်သုံးသပ်နိုင်စွမ်းလည်း ပိုကောင်းတယ်။

၁၉။ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားနိုင်စေတယ်။

၂၀။ ဖန်တီးနိုင်စွမ်းလည်း တိုးတက်စေပါတယ်။

၂၁။ စိတ်တင်းအား၊ စိတ်ဖိစီးမှုတွေလည်းလျှော့ချနိုင်တယ်။

၂၂။ ပြဿနာကို ဖြေရှင်းတတ်လာတယ်။

၂၃။ ဘဝကို တိုးတက်အောင် ပြုပြင်ပြောင်းလဲနိုင်တယ်။

စာအုပ်စာပေဖတ်ရှုခြင်းကြောင့် ရရှိတဲ့ကောင်းကျိုးတွေကတော့ ရေးမယ်ဆိုရင် စာဖတ်သူလည်း ရေးစရာတွေ၊ အချက်အလက်တွေ စဉ်းစားမိလာမှာပါ။ ဥပမာ-

၂၄။ စိတ်အာရုံနှစ်သက်ကြည်နူးမှုရစေတယ်။

၂၅။ အချိန်ကို စနစ်တကျ အကျိုးရှိရှိသုံးရာကျတယ်။

၂၆။ ကိုယ်ကျင့်တရားနဲ့ စာရိတ္တထိန်းသိမ်းမှုကို ပိုတိုးတက်စေတယ်။ (အချို့လူအတွက်ပေါ့)

စာဖတ်သင့်သလားလို့ တစ်ဦးတစ်ယောက်ကများ မေးလာခဲ့သည်ရှိသော် အပေါ်ကအချက်အလက်တွေကို ပိုမိုလွယ်ကူနားဝင်အောင် ရှင်းလင်းပြောပြရင် အဖြေကို လက်ခံကျေနပ်လောက်အောင် ဖြေပေးနိုင်လောက်ပါပြီ။

အကြောင်းအကျိုးဆက်နွယ်မှုတွေကို စာပေဖတ်ရှုခြင်းအားဖြင့် ပို၍ပို၍ အသေးစိတ်တစ်ခုချင်းအပေါ် လေးလေးနက်နက်၊ တိတိကျကျ ပိုပိုပြီး သိမြင်သဘောပေါက်လာရတယ်။ တွေ့ရမယ်။ ကိုယ်တိုင်သိပါလိမ့်မယ်။

အကြောင်းအကျိုးကို ဟေတုပစ္စယော၊ အာရမ္မနပစ္စယောတို့နဲ့ စာဖတ်ခြင်းနဲ့ သာဓကတွေပြပြီးပြီ။ အခြေခံဥပဒေသဆိုတာ အကြောင်းအကျိုးဆက်နွယ်မှုရှိကြတဲ့ သဘောလက္ခဏာတွေကို တိတိကျကျ ဆက်စပ်သိရှိရခြင်းပါပဲ။ ဒါဟာ အတတ်ပညာလည်းဟုတ်တယ်။ နည်းပညာလည်းဟုတ်တယ်။ ဒီအခြေခံသဘောတရားတွေကို သဘောပေါက်နားလည်ပြီး အသုံးချတတ်ရင် အလွယ်တကူ အဆင်ပြေအောင်မြင်စေတာပေါ့။

လမ်းလျှောက်ခြင်းရဲ့ ကောင်းကျိုးတွေဆိုပါစို့။ ကျန်းမာရေးကိုထိထိရောက်ရောက် အထောက်အကူပြုတယ်။ စိတ်ကိုကြည်လင်အေးချမ်းစေတယ်။ ကိုယ်လက်လှုပ်ရှားမှုရှိတဲ့အတွက် ကြွက်သားတွေ၊ အရိုးအဆစ်တွေ သန်မာကြံ့ခိုင်စေတယ် စတဲ့အကျိုးတွေများစွာ လက်တွေ့ခံစားရတဲ့သူတွေကိုမေးရင် သိလာနိုင်တာပဲ။ စာနယ်ဇင်းတွေမှာလဲ ရေးသားနေကြတာတွေ့နိုင်ပါတယ်။ တကယ်တော့ မြတ်စွာဘုရားကိုယ်တော်တိုင်က လမ်းလျှောက်ခြင်းရဲ့အကျိုးကျေးဇူး ငါးချက်ကို ထုတ်ဖော်ဟောကြားခဲ့ဖူးတာပဲ။

စင်္ကြံသွားခြင်းအကျိုး ငါးပါးတဲ့-

၁။ ခရီးသွားနိုင်။

၂။ ကြံ့ခိုင်အားအင်။

၃။ ကင်းစင်ရောဂါ။

၄။ အစာကြေညက်။

၅။ မပျက်သမာဓိ၊ ငါးပါးရှိ၏ တဲ့။

အကြောင်းအကျိုးဆက်နွယ်မှုကို ဖော်ပြကြတာမှာ ရှေးကအချက်တွေနဲ့ လက်ရှိအခြေအနေတွေက တူတာလည်းရှိနိုင်တယ်။ မတူတာလည်းရှိနိုင်တယ်။ မိမိက ကာလ၊ ဒေသ၊ အခြားအခြေအနေတွေကို ချင့်ချိန်တွက်ဆပြီး မှန်ကန်တာကို အကြောင်းခံသဘောနဲ့ အသုံးချလိုက်နာရပေမှာပဲ။ အခြေခံဥပဒေသတွေကို တစ်ခုမကျန် အပြည့်အဝကျင့်သုံးနိုင်အောင် ကြိုးစားရမှာမှန်ပေမယ့် အားလုံးကို ခြုံငုံပြည့်စုံအောင်တော့ ရချင်မှရမယ်ထင်တယ်။

ကဲ ဥပမာ ရှေးကာလနဲ့ခုခေတ်။ စစ်အောင်ရသောအကြောင်း(ရေးသားထားကြတာ)နှိုင်းယှဉ်ကြည့်ရအောင်။

**ရှေးက စစ်အောင်နိုင်ရာ ၁၂ ဖြာ**

၁။ စစ်တက်စစ်ချီစီစဉ်မှု၌ လိမ္မာခြင်း

၂။ စည်းလုံးညီညွတ်ခြင်း။

၃။ အမိန့်နာခံမှုကောင်းခြင်း။

၄။ စစ်ကူရိက္ခာမပြတ်ရှိခြင်း။

၅။ သူရဲကောင်းများခြင်း။။

၆။ ယတြာမန္တန်ကောင်းခြင်း။

၇။ ဇာတာစန်းလဂ်တက်ခြင်း။

၈။ စားနပ်ရိက္ခာပြည့်စုံပိုလျှံခြင်း။

၉။ နိုင်ငံတော်အတွင်း ရောဂါကင်းကြခြင်း။

၁၀။ သူလျှိုစေ၍ သူ့အတွင်း ရှုပ်ထွေးကွဲပြားစေနိုင်ခြင်း။

၁၁။ ဗလိနတ်စာ ပူဇော်ပသ သဖြင့် အကူအညီရခြင်း။

၁၂။ ဆင်၊ မြင်းရထားလက်နက်များကောင်းခြင်း။

**လက်ရှိစစ်အောင်ရာသောအကြောင်းများ**

(လွန်ခဲ့သောနှစ် ၅၀ က သတ်မှတ်ချက်)

| | | |
|---|---|---|
| ၁။ | တိကျပန်းတိုင် | Static Goal |
| ၂။ | စိတ်ကြံ့ခိုင် | Morale |
| ၃။ | ပိုင်နိုင်လုံခြုံ | Security |
| ၄။ | သတင်းစုံလော့ | Information |
| ၅။ | ထိုးစစ်လျှမ်းလျှမ်း | Offensive Action |
| ၆။ | အငိုက်ဖမ်းနိုင် | Element of Surprise |
| ၇။ | စွမ်းအားစုသုံး | Concentration of Force |
| ၈။ | မဖြုန်းအင်အား | Economy of Force |
| ၉။ | နေထားပြင်လွယ် | Flexibility |
| ၁၀။ | ဆောင်ဖွယ်ပူးပေါင်း | Cooperation and Coordination |
| ၁၁။ | အုပ်ချုပ်ကောင်း | Administration and logistic Support |
| ၁၂။ | နောက်ကြောင်းလုံမှု သတိပြုလော့။ | Rare Security |

ဒါက ဟိုးလွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်ကာလဆီမှာ စာရေးသူတို့ငယ်စဉ်က ကျက်မှတ်ကျင့်သုံးခဲ့ရတဲ့ စစ်ကျောင်းတွေက သင်ကြားခဲ့တာပါ။ ယခုအခါမှာတော့ ဆွန်ဇုစစ်သူကြီးရဲ့စစ်ပညာတို့၊ အနောက်တိုင်း ၂၀ ရာစု စစ်ပညာတို့နဲ့ ဖြည့်စွက်ပေါင်းစပ်ပြီး ပိုမိုခေတ်မီအောင် ၁၄ ချက်၊ ၁၅ ချက်ရှိနေပြီလားမသိပါ။

နောက်ပိုင်းမှာ အလေးပေးလာရတဲ့အချက်တွေလည်း တိုးလာပုံရပါတယ်။

၁၃။ ဥဿုံလူထုအားပေးမှုကောင်းခြင်း People Support (တရုတ်)

၁၄။ ကွပ်ကဲမှုစုစည်းထားခြင်း Unity of Command (ရုရှား)

၁၅။ ညအချိန်ကို အကျိုးရှိစွာ အသုံးချတတ်ခြင်း Master the Night (အစ္စရေး)

၁၆။ ဝါဒဖြန့်အားကောင်းခြင်း Propaganda and Mass Media Warfare (အမေရိကန်)

စစ်ရေးတွေ အခြားနိုင်ငံတွေအလိုက် အခြေခံသဘောတရားတွေရှိနေကြတယ်ဆိုတာလည်း သိဖို့လိုပါတယ်။ လိုက်နာကျင့်သုံးမှုမတူကြပါဘူး။ သူတို့ရဲ့ရေမြေတောတောင်သဘာဝအရလဲ ဖြစ်မှာပေါ့။ မှတ်သားစရာကောင်းတဲ့ အကြောင်းအကျိုးဆက်စပ်ဖော်ထုတ်ပုံတွေဟာ ပညာရှိသူတော်ကောင်းတွေရဲ့ ဟောကြားချက်၊ ရေးသားချက်တွေမှာလည်း တွေ့ရှိမှတ်သားရတတ်တယ်။ ဥပမာ သာဓကကြည့်လေ-

**ရန်ဖြစ်ခြင်း**

"သီလနည်းရင် နီးရာလူနဲ့ရန်ဖြစ်တယ်။
သမာဓိနည်းရင် မိမိကိုယ်နဲ့ ရန်ဖြစ်တယ်။
ပညာနည်းရင် တစ်လောကလုံးနဲ့ရန်ဖြစ်တယ်"တဲ့။

**(ပါမောက္ခချုပ်ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသ)**

# သရုပ်ဆောင် ခန့်စည်သူနှင့် ဓမ္မမိတ်ဆွေများက သဃ်န်းကျွန်းမြို့နယ် ဓမ္မဝိဟာရပညာရေးအကယ်ဒမီကျောင်း (ရန်ကုန်) သို့ ငွေကျပ် သိန်း ၅၀ လှူဒါန်း



**ရန်ကုန် ဇူလိုင် ၂၂**

သရုပ်ဆောင် ခန့်စည်သူနှင့်ဓမ္မမိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပညာရေးအကယ်ဒမီကျောင်း (ရန်ကုန်)သို့ ဇူလိုင် ၂၁ ရက်က အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ထို့ပြင် သရုပ်ဆောင်ခန့်စည်သူနှင့် ဓမ္မမိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာအတွင်း ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်နှင့် သာမဏေအပါး ၁၀၀ အား နေ့ဆွမ်းဆက်ကပ်ကာဝါဆိုသင်္ကန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ သုံးနှစ်ကဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့တဲ့ ဖခင်ကြီးအားရည်စူးပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို သံဃာဂုဏ်ကို ရည်မှန်းပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းတာနဲ့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းတာတို့ကို ဓမ္မမိတ်ဆွေတွေနဲ့ စုပေါင်းလှူဒါန်းခဲ့ပါတယ်။ ဒါ့ပြင် ယာယီနေရပ်စွန့်ခွာသူတွေထဲက ပညာဆက်လက်သင်ယူဖို့ အခက်အခဲရှိနေတဲ့ ကျောင်းသားတွေအတွက် သာသနာ့အမွေ ရှင်သာမဏေချီးမြှောက်ပြီး စား၊ ဝတ်၊ နေရေး တာဝန်ယူလုပ်ဆောင်ပေးနေတဲ့ ဓမ္မဝိဟာရပညာရေးအကယ်ဒမီကျောင်း(ရန်ကုန်)ကို အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူသည် ပြီးခဲ့သည့် ဇွန် ၁၁ ရက်ကလည်း မွေးနေ့အလှူအဖြစ် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အလှူငွေကျပ်သိန်း ၃၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Bugonia ဇာတ်ကား ရိုက်ကူးရေး တရားဝင် စတင်နေပြီဖြစ်

**နယူးယောက် ဇူလိုင် ၂၂**

CJ Entertainment ကုမ္ပဏီ၏ Bugonia ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းမှာ တရားဝင် စတင်နေပြီဖြစ်ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

သိပ္ပံဟာသဇာတ်ကား အမျိုးအစားဖြစ်သည့် Bugonia ဇာတ်ကားကို ဂရိဒါရိုက်တာ ယော်ဂို့လန်သီမော့က တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် အတွေးခေါင်သည့် လူငယ်နှစ်ဦးက ကုမ္ပဏီကြီးတစ်ခု၏ အမျိုးသမီးအကြီးအကဲတစ်ဦးကို ကမ္ဘာကို ဖျက်ဆီးမည့် ဂြိုဟ်သားအဖြစ် ယူဆဖမ်းဆီးခဲ့ပြီးနောက် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး အမ်မာစတုန်းနှင့်မင်းသား ဂျက်ဆီပလီမွန်းတို့ ပါဝင်သရုပ်ဆောင်ထားပြီး မင်းသမီး အမ်မာစတုန်းနှင့် မင်းသား ဂျက်ဆီပလီမွန်းတို့သည် ဒါရိုက်တာ ယော်ဂို့လန်သီမော့ရိုက်ကူးခဲ့သည့် Poor Things နှင့်Kinds of Kindness ဇာတ်ကားများ၌ အတူသရုပ်ဆောင်ခဲ့သူများ ဖြစ်ကြသည်။

Bugonia ဇာတ်ကားကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# လွှလွှလေးလည်း ကောင်းပါတယ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၂၂**

Power King Film Production က ရိုက်ကူးထုတ်လုပ်သည့် လွှလွှလေးလည်း ကောင်းပါတယ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် မြင့်မြတ် က ပြောပြ၍ သိရသည်။

လွှလွှလေးလည်း ကောင်းပါတယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ပြည်ဟိန်းသီဟက ရေးသားထားပြီး ဒါရိုက်တာအဖြစ်လည်း Power King Film Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။




"ဒီဇာတ်ကားက ဩဂုတ်လမှာ ရုံတင်မဲ့ အချစ်ဟာသဇာတ်မြူး ဇာတ်ကားတစ်ကားပါပဲ။ ရိုက်ထားတဲ့ အချစ်ဟာသ ဇာတ်မြူးတွေက အခုနှစ်မှစုပြုံပြီး ရုံတင်ပြသရတဲ့ အခြေအနေ ဖြစ်တဲ့အတွက် ကျွန်တော် ပါဝင်သရုပ်ဆောင်ထားတဲ့ ဟာသဇာတ်မြူးတွေ များနေသလို ဖြစ်နေပါတယ်"ဟု သရုပ်ဆောင် မြင့်မြတ်က ပြောပြသည်။

လွှလွှလေးလည်း ကောင်းပါတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ အိချောပို၊ ခင်လှိုင်၊ တက္ကသိုလ်ဂွမ်းပုံ၊ ကေညီ၊ ဇော်ဝင်းနိုင် (မန်း)၊ အုန်းသီး၊ စိစိ၊ ချစ်လူလူ၊ ချက်ကြီး၊ ဖိုးသဲ စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Archangel ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ကိုနောလက်စလီ သရုပ်ဆောင်နေ

**နယူးယောက် ဇူလိုင် ၂၂**

Spooky Pictures ရုပ်ရှင်ကုမ္ပဏီ၏ Archangel အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ကိုနောလက်စလီ ပါဝင်သရုပ်ဆောင်နေကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

ထိတ်လန့်သည်းဖိုဇာတ်ကား အမျိုးအစားဖြစ်သော Archangel ဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာ ဘရိုင်ယန်အက်ဒွပ်ဟေးက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

Archangel ဇာတ်ကားသည် ဘရိုင်ယန်အက်ဒွပ်ဟေးအတွက် ဒါရိုက်တာအဖြစ် ရိုက်ကူးမည့် ပထမဆုံးဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Archangel ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းမှာ ယခုအခါ ပြီးဆုံးပြီဖြစ်ကြောင်း သိရသည်။

Archangel ဇာတ်ကားသည် သေပြီးသည့်နောက် နောင်ဘဝ ရှိ၊ မရှိ သုတေသနပြုနေသော အဖွဲ့အစည်းတစ်ခု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Archangel ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ငဖဲ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်က လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းနှင့် Slab Culvert တစ်စင်း၊ Pipe Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂၂၆ သန်းဖြင့် Shwe Group ကုမ္ပဏီက ယခုနှစ် ဇွန် ၁၅ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၄၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်က ပြောပြ၍ သိရသည်။

ဇင်မာ

# Ceremony to honour students who passed 2024 matriculation examination with distinction in all subjects held Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends ceremony and presents honourary awards



Senior General Min Aung Hlaing addresses the ceremony to honour students who passed 2024 matriculation exam with distinction in all subjects.

**Nay Pyi Taw July 22**

Ceremony to honour students who passed the 2024 matriculation examination with distinction in all subjects was held at MICC-2 here this morning. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and presented honourary awards to them.

Also present at the ceremony together with the Senior General were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the Joint SAC Secretary, SAC members, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, principals, parents and officials.

First, students staged a song "Let's honour the distinction winners". The Senior General and attendees enjoyed it.

In his address, the Senior General said knowledge provides wisdom that can differentiate between the good and the bad and understand the cause and effect. The nation can establish a true force that can serve the country's interest only if the intelligence level of all the citizens is high.

The work of upgrading of a comprehensive education sector that can generate human resources imbued with academic and technological knowledge, intrinsic qualities and ability must be prioritized in building a Union based on genuine and disciplined democracy and federalism. In this regard, the government adopted a social objective – **To implement a multi-education system that addresses all segments of society, nurturing intellectual and intelligent capacities among the entire population and producing a significant pool of skilled technicians crucial for the manufacturing sector** – in its five-point roadmap and nine objectives, and is carrying out the education undertakings that ensure equal educational opportunities for every citizen with full force.

All the officials and participants who dutifully and resolutely serve the national duty – develop the country through education – are recognized.

It is true that the government must be the vanguard of the Union's multiple and equal development, but the collective force of the entire people will ensure its long-term development. Here greater attention must be on the strength of the students that represent one third of the country's population

During the previous years, outstanding students could be awarded only at the region/state level and department level. This year's ceremony is the first to honour them at the State level. Every one of the 507 all-subject distinction winners would be duly honoured with 50 kyattha gold coins today.

SAC arranged a domestic trip for students who scored highest marks in the subject-wise categories in 2022 with the aim of providing them with regional knowledge and the spirit to love and value their country and race and also a foreign trip to gain international knowledge. The program provides the new generation youths with mental strength and greater academic enthusiasm.

*See Page 13*



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.


Senior General Min Aung Hlaing enjoys performance.




Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.


Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.


Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.



Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.


Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.

*From Page 12*

Arrangements are underway to send 30 students who scored highest marks in subject-wise categories in the matriculation examination abroad for a study trip this year.

The students at the ceremony will have to begin their higher education studies as they have completed their basic education. They must wisely choose the academic subject and the branch of vocational education they are truly interested in. The classroom can only give knowledge of perception. Students must not be satisfied with this level. They must continue their studies through hard work to become valued human resources and experts who have great wisdom.

In line with the motto "The strength of the nation lies within", undertaking the development tasks of the country require intellectuals and intelligentsia in arts and science world. Hence, youths have to emphasize studying both arts and science subjects.

Myanmar is preserving traditional cultural heritages. All citizens are responsible for safeguarding nationality, language, religion and education as the national cause.

All youths including prize winners need to exercise selfishness in harmony with charity. They have to improve themselves and culture the spirit of carrying out public welfare and nation-building endeavours as much as they can.

Students need to harmonize knowledge and technology in implementing their missions and visions. In accord with a saying that knowledge can be found in literature, they have to read. They must review all incidents and events in their environment with correct attitudes and avoid wrong doings.

Currently, they need to notice that digital technology can create everything. As such, they need to constantly study digital technology. If so, Myanmar will have the capacity to keep abreast of other global countries.

Youths need to follow prescribed disciplines and laws to achieve success in their lives. Only when they abide by disciplines and laws adopted by the government will become valuable citizens without sins for serving the nation.

In giving guidance to the prize-winning students, the Senior General urged them to sustain success along their lives, build their lives with knowledge and technology, try hard to uplift their capability to analyze true and false *See Page 14*


An all-distinction winner receives a prize.


An all-distinction winner receives a prize.

# Pro Tem Presidential duties transferred to State Administration Council Chairman

**Nay Pyi Taw July 22**

It has already announced that Pro Tem President U Myint Swe is on medical leave and receiving medical treatment. In such situation, in order to carry out the National Defence and Security Council's affairs, the Pro Tem President Office sent a letter to State Administration Council Office saying that the responsibilities of Pro Tem President will be handed over to the State Administration Council Chairman while Pro Tem President U Myint Swe cannot serve the council's duties as he is on medical leave. Then, the duties of Pro Tem President for National Defence and Security Council's affairs were transferred to the State Administration Council Chairman through signing event at 11:30 on 22 July 2024. 100


An all-distinction winner receives a prize.


An all-distinction winner receives a prize.

*From Page 13*

as well as goodness and badness following the prescribed disciplines and forging the spirit so as to be matured, and participate in development undertakings of the State by safeguarding the nation.

The Senior General presented individual prizes to 11 students who scored the highest marks in science combination with flying colour.

The Vice-Senior General gave prizes to 10 all-distinction winning students.

The Joint Secretary presented individual prizes to 10 all-distinction winners whereas SAC members, Union ministers, the Nay Pyi Taw Council Chairman, Union-level dignitaries and senior Tatmadaw officers from the Office of the Commander-in-Chief handed prizes to all-distinction winner students respectively.

A female student, on behalf of the outstanding students with all distinctions in the 2024 matriculation examination, spoke words of thanks.

Students performed performance with the song with title of "Outstanding youth" and "Myanmar's school". The Senior General and attendees enjoyed their entertainments.

After the ceremony, the Senior General and party posed for documentary photos together with 31 students with the highest marks across the nation, and the Senior General cordially greeted all attendees.

The Senior General and party had a lunch in honour of the outstanding students who passed the matriculation exam 2024 with flying colour. 100


An all-distinction winner receives a prize.

# Biden announces intention to drop out of race, endorses Harris


U.S. President Joe Biden and U.S. Vice President Kamala Harris watching the Independence Day fireworks display at the White House in Washington, D.C., the United States, on July 4, 2024.

**Washington July 22**

U.S. President Joe Biden announced on Sunday his intention to drop out of the presidential race, after a growing number of Democrats expressed concerns over his viability in the election since a disastrous debate performance late last month.

"While it has been my intention to seek reelection, I believe it is in the best interest of my party and the country for me to stand down and to focus solely on fulfilling my duties as President for the remainder of my term," Biden said in a statement posted on X, formerly known as Twitter.

He noted that he will speak to the nation later this week in more detail about his decision.

In another post, Biden said he wants to offer his full support and endorsement for Vice President Kamala Harris to be the nominee of the Democratic Party this year. "Democrats - it's time to come together and beat Trump. Let's do this," he said.

Biden's announcement, which ended weeks of speculation over his decision, came after reports emerged that a growing number of Democrats had urged him to step down, including prominent figures such as former U.S. President Barack Obama, former House Speaker Nancy Pelosi, and Senate Majority Leader Chuck Schumer.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဂျာမနီနိုင်ငံက MausFPV ကာမီကာဇီဒရုန်းကို ယူကရိန်း Kraken အထူးတပ်ဖွဲ့ထံ ရောင်းချပေးသွားမည်



ဂျာမနီနိုင်ငံ ကာကွယ်ရေးဆိုင်ရာ စွန့်ဦးတီထွင် Donaustahl ကုမ္ပဏီက ၎င်း၏ Maus First-Person View FPV ကာမီကာဇီဒရုန်းကို ယူကရိန်းနိုင်ငံ Kraken အထူးတပ်ဖွဲ့ထံ ပထမဦးဆုံးရောင်းချပေးသွားမည်ဖြစ်ကြောင်း Donaustahl ကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ ဗဟိုထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ Kraken တပ်ရင်းကြီးကို တပ်ခွဲရှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ဒရုန်းတပ်ခွဲ၊ FPV ဒရုန်းတပ်ခွဲ၊ အထူးချေမှုန်းရေးတပ်ခွဲ စသည်တို့ ပါဝင်သည်။

ဂျာမနီကုမ္ပဏီက ယူကရိန်းထံ FPV ဒရုန်းများရောင်းချရန် သဘောတူညီချက်ရရှိခဲ့သော်လည်း ပေးပို့မည့်အချိန်ကာလကို အတိအကျ မသိရသေးကြောင်း သိရသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ဂျာမနီသည် ၎င်း၏ နောက်ထပ် အကူအညီအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းသို့ တိုက်ခိုက်ရေးဒရုန်း ထောင်ပေါင်းများစွာ ပေးပို့သွားလိမ့်မည်ဟု ဇွန်လတွင် ကြေညာခဲ့ပြီးနောက် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အဆိုပါဒရုန်း၏ ကိုယ်ထည်သည် သစ်သားဖြင့်ပြုလုပ်ထားပြီး အလေးချိန်တွင် ၁၀ ရာခိုင်နှုန်းခန့် ပိုမိုလေးလံသွားစေသော်လည်း ၎င်း၏ ထုတ်လုပ်မှုကုန်ကျစရိတ်ပိုင်းတွင် ၇၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခဲ့သည်ဟု German Aid to Ukraine အဖွဲ့က ပြောကြားသည်။

တင့်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်များ အတွင်းသို့ ထိုးဖောက်တိုက်ခိုက်နိုင်ရန် RGP-7 ကဲ့သို့သော ထိပ်ဖူးအမြောက်အမြားတပ်ဆင်နိုင်ပြီး NATO စံနှုန်းမီ ၄၀ မမ လက်ပစ်ဗုံးများသယ်ဆောင်၍ ကြဲချတိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပေါက်ကွဲခဲယမ်းများကို ဆက်သွယ်ထားသောမြေအောက်ရှိ သံမဏိကြိုးများကို ဖြတ်တောက်ပစ်နိုင်သည်ထိ ပေါက်ကွဲအားပြင်း ကတုတ်ကျင်းရှင်းလင်းရေးလက်ပစ်ဗုံးများ(Trench-Cleaner Grenade)လည်းတပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါလက်ပစ်ဗုံး၏ ပေါက်ကွဲအားသည် ၂ ဒသမ ၅ မီတာ အကွာအဝေးတွင် ၃၆၀ ဒီဂရီပတ်လည် သက်ရောက်မှုရှိကြောင်း German Aid to Ukraine အဖွဲ့က ဖော်ပြထားသည်။ မြေအောက် စင်တီမီတာ ၆၀ အနက်ရှိ ပုံဖျက်ဖုံးကွယ်ထားသောဝိုင်ယာကြိုးများကိုပင် တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ကြောင်း သိရသည်။

Maus ဒရုန်း၏ အလေးချိန်မှာ ၂ ဒသမ ၇ ကီလိုဂရမ်ရှိပြီး အကွာအဝေး ခုနစ် ကီလိုမီတာကို အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၄၀ ဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။

ထို့ပြင် ညပိုင်းစစ်ဆင်ရေးများအတွက် အနီအောက်ရောင်ခြည်၊ အပူငွေ့ရှာ အာရုံခံကိရိယာများ တပ်ဆင်ထားနိုင်သည်။ ဒရုန်းတွင် AI နည်းပညာသုံး ဆော့ဖ်ဝဲကို ထည့်သွင်းစမ်းသပ်လျက်ရှိပြီး ၎င်းသည် လူများ၊ ယာဉ်များနှင့် ပစ္စည်းကိရိယာများကို မှန်ကန်စွာခွဲခြားသိရှိနိုင်စေရန် ကူညီပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Bavarian Firm to Deliver Kamikaze Drone to Ukraine's Kraken Special Unit ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက စက်ရုပ်တပ်ဖွဲ့ကို လျှို့ဝှက်စွာဖန်တီးလုပ်ဆောင်

ယူကရိန်းသည် အင်အားကြီး ရုရှားနိုင်ငံနှင့် ရင်ဆိုင်ရာတွင် နည်းဗျူဟာပိုင်းအရ အသာစီးရစေရန် ၎င်း၏ စက်ရုပ်တပ်ဖွဲ့ကို လျှို့ဝှက်စွာ ဖန်တီးလုပ်ဆောင်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစက်ရုပ်တပ်ဖွဲ့ကို ရှေ့တန်းစစ်မျက်နှာရှိ တပ်ရင်း၊ တပ်ဖွဲ့များတွင် အသုံးပြုရန်အတွက် ဒေသတွင်း စွန့်ဦးတီထွင်၊ ကာကွယ်ရေး စက်မှုလုပ်ငန်း၊ ကုမ္ပဏီပေါင်း ၂၅၀ ခန့်က ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မြေပြင်သွား မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်များနှင့် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရွှေ့ပြောင်းရေး မောင်းသူမဲ့ယာဉ်များတွင် စတင်အသုံးပြုရန် စီစဉ်နေကြောင်း သိရသည်။

၎င်းကုမ္ပဏီများထဲမှတချို့သည် စွန့်ပစ်ကုန်သိုလှောင်ရုံများကို ဌာနချုပ်များအဖြစ် ပြောင်းလဲအသုံးပြုနေကြသကဲ့သို့ တချို့ကလည်း ပုံမှန်အားဖြင့် ကားဝပ်ရှော့များကဲ့သို့နေရာများကို အသုံးပြု၍ လျှို့ဝှက်စွာကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ယူကရိန်းအစိုးရသည် ဒရုန်းတပ်ဖွဲ့၏ စစ်ဆင်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများကို မြင်တွေ့ခဲ့ပြီးနောက် စက်ရုပ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်း စက်မှုလုပ်ငန်းရှင် Andrii Denysenko သည် Odyssey ဟုအမည်ပေးထားသော မော်တော်ကားအရွယ်အစား မောင်းသူမဲ့မြေပြင်သွားယာဉ် (UGV) ထုတ်လုပ်ရန် ကြိုးပမ်းနေသည့် စွန့်ဦးတီထွင် ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သည်။ ၎င်း၏ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၃၅၀၀၀ ဖြင့် ကုန်ကျစရိတ်နည်းပါးစွာ ထုတ်လုပ်နိုင်ပြီး UGV တစ်စင်း၏ အလေးချိန် ကီလိုဂရမ် ၈၀၀ ရှိကာ စက်ရုပ်တပ်ဖွဲ့တွင်ပါသော UGV သည် ချိန်းတပ်ပါရှိသော အရွယ်အစားသေးငယ်သည့် ဆုံလည်မဲ့တင့်ကားတစ်စီးပုံစံမျိုးဖြစ်ကြောင်း သိရသည်။

တစ်ကြိမ်အားသွင်းရုံဖြင့် ကီလိုမီတာ ၃၀ ထိ မောင်းနှင်နိုင်ပြီး တိုက်ခိုက်ရေးတာဝန်များထမ်းဆောင်နိုင်ရန် အဝေးထိန်းစနစ်ဖြင့်လုပ်ဆောင်သည့် အကြီးစား စက်သေနတ်တစ်လက် တပ်ဆင်ထားသည်။ ထို့ပြင် အဆိုပါ UGV သည် ကယ်ဆယ်ရေးနှင့် အုပ်ချုပ်၊ ထောက်ပံ့ရေးယာဉ်အဖြစ်လည်း အသုံးပြုနိုင်စေမည်ဖြစ်သည်။

ရုရှားနှင့် ယူကရိန်းကြား ပဋိပက္ခတွင် စက်ရုပ်စနစ်များ တစ်နည်းအားဖြင့် ကြည်း၊ ရေ၊ လေ သုံးခုစလုံးတွင် မောင်းသူမဲ့စနစ်သုံး ယာဉ်များ၏ သိသာထင်ရှားသော အောင်မြင်စွာ တိုက်ပွဲဝင်နိုင်မှုများသည် ကာကွယ်ရေးဆိုင်ရာ နည်းပညာနှင့် ပတ်သက်၍ စွန့်ဦးတီထွင်ကုမ္ပဏီ၊ စက်မှုလုပ်ငန်းများ များပြားလာစေခဲ့သည်။



၂၀၂၄ ခုနှစ်တွင် ယူကရိန်းနိုင်ငံအတွင်း ဒရုန်းထုတ်လုပ်မှု၌ ကုမ္ပဏီပေါင်း ၂၀၀ ကျော် ပါဝင်လာနိုင်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ် အစောပိုင်းတွင် ပြောကြားခဲ့သည်။

အထူးသဖြင့် ယူကရိန်းသည် စစ်ဘက်ဆိုင်ရာ စက်ရုပ်ပလက်ဖောင်းများ (မောင်းသူမဲ့ မြေပြင်သွားယာဉ်များ-UGV) ဖြန့်ကြက်အသုံးပြုမှုကို အရှိန်မြှင့်လုပ်ဆောင်နေသောကြောင့် ဤကဏ္ဍတွင် အလားတူကုမ္ပဏီပေါင်း အမြောက်အမြား ပါဝင်ဆောင်ရွက်ကြမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Ukraine Secretly Moves Ahead With 'Army of Robots' Development ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကိုလေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံကိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

ဆရာကျောင်းသား၊ ကျောင်းသူများကို မှာကြားလိုသည်မှာ ယခုကဲ့သို့အောင်မြင်မှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းကြရန်၊ အသိပညာ၊အတတ်ပညာနှင့်ဘဝကိုတည်ဆောက်ကြရန်၊အမှားအမှန်၊ အဆိုးအကောင်းကိုခွဲခြားသိမြင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြင့်မားပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်၊ အသက်ရှင်နေသမျှကာလပတ်လုံးကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ရင့်ကျက်ပြည့်ဝသူများဖြစ်အောင် ကြိုးစားကြရန်၊နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင် သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးကျောင်းသား၊ ကျောင်းသူ ၁၁ ဦးကို တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဘာသာစုံဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို တစ်ဦးချင်းဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက "လူချွန်လူကောင်း"တေးသရုပ်ဖော်တင်ဆက်မှုဖြင့်လည်းကောင်း၊ "မြန်မာ့ကျောင်း"တေးသီချင်းကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးအမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။



အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ ဖူးမြော်ကြည်ညိုကြစဉ်။

☆ ကျောဖုံးမှအဆက်

ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် သာသနာ့ဗိမာန်တော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များနှင့် ကျောက်စာရုံစေတီများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၂၂-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ဇူလိုင် ၂၁ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၅၈ ဦးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ နှစ်ဦးဖြစ်ပါသည်။ လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၆၈ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားသူဦးရေမှာ သိသိသာသာလျော့နည်းလာပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ဗဟိုနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှုကြောင့် ရောဂါကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်နေနိုင်ပြီဖြစ်ကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေးပညာပါရမီဖြည့်ဆည်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့်ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာ ခြောက်အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာအုပ်ရေ ၂၀ ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း) နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်း လှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ငြင်းပယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**

၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ပေးပါရန် **ပြည်သူ့အင်အားပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ်(၁၄/၂၀၂၄)ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဇူလိုင် ၁၄ ရက်မှ ၂၁ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာသစ်ဦးရေ ၂၀ တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက် ည ၈ နာရီမှ ဇူလိုင် ၂၁ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၉၈၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအနီး မြင်းစီးအားကစားကွင်း အတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်၊ စိန်ပန်းပင်၊ သပြေဘူတပင်နှင့် ငုရွှေဝါပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်ရုံးခွဲများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်တည်းကျင်းပခဲ့ပြီး ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့ပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် သစ်ပင်စုစုပေါင်း ၁၄၈၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၂









ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဗဟို၊ တိုင်းဒေသကြီးနှင့်မြို့နယ် ကွင်းဆင်းအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းဆိပ်ကြီးကျေးရွာရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာနေအိမ်တို့သို့သွားရောက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နေအိမ်နှင့်လမ်းအနီးတစ်ဝိုက်တွင် လူနာသစ်ရှာဖွေခြင်း၊လူနာနှင့်ထိစပ်သူ တစ်အိမ်တည်းအတူနေမိသားစုဝင်များကို ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်း (Contact Treatment)၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့ပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်ညှိနှိုင်းစီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး စက်ဆန်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေအသုံးပြုရေး အစီအမံများချမှတ်ဆောင်ရွက်၍ Life Straw ရေသန့်စင်စက် နှစ်လုံးတပ်ဆင်ခြင်းနှင့်အသုံးပြုနည်းလက်တွေ့သရုပ်ပြ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး၊ကူးစက်)ဦးဆောင်သောဗဟိုကွင်းဆင်းအဖွဲ့သည်လည်း သင်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့သို့လည်းကောင်း ကွင်းဆင်း၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း မြို့နယ်စည်ပင်သာယာရေးဦးစီးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် သန့်ရှင်းသောသောက်ရေရရှိရေး အထူးစီမံချက်ဖြင့် Life Straw ရေသန့်စင်စက် ၁၉ လုံးကို အသုံးပြု၍ သန့်ရှင်းသော သောက်ရေနေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် အိမ်ထောင်စု ၄၉၂ စုအတွက် သောက်ရေသန့်လီတာ ၇၅၀ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၂

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၂၆ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်

နေပြည်တော် ဇူလိုင် ၂၂

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း မြိတ်တပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ လွန်ချမ်းသာ**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Trito မော်တော်ယာဉ်တစ်စီးနှင့် Dihatsu Hijet မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ဘီယာစတား(၃)ဆိုင်ရှေ့၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Tiger Beer ဖာ ၁၅၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀ ကို ယစ်မျိုးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၄၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင်၂၁ရက်နှင့် ၂၂ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မုတ္တမမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ပန်းသီး ကီလိုဂရမ် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၂၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူ
















ခရိုင်အတွင်း၌ တရားမဝင်သစ်မာ ၂ ဒသမ ၁၃၅ တန်၊ အခြားသစ် ၃ ဒသမ ၄၈၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၅၂၇၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၆၇၂၇၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၁ ရက်နှင့် ၂၂ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ခုနစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၀၇၂၇၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်း ရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zu Ye Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာနေ ဇူရဲမိုးအား ည ၁၂ နာရီ မိနစ် ၄၀ တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၅၀၁)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ဥပဒေမရှိ လက်နက်အားကိုးနဲ့အာဏာပြ ဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၂၄-၇-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြန်လည်တည်ဆောက်ရေးနဲ့တည်ငြိမ်လာပြီဖြစ်တဲ့ လွိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့အကြမ်းဖက် ဘယ်သူကတိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၇၄၆ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၇၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါးများရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၇ ဒသမ ၆၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက မုံရွာခရိုင်အတွင်း နွေစပါး ၇၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ဖို့ စပါးတွေ ပျက်ဆီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ဘုတလင်မြို့နယ်တွင် ၁၄၈ ဧက၊ အရာတော်မြို့နယ်တွင် ၃၅၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၄၆ ဧက စုစုပေါင်း ၇၄၆ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နွေစပါးအထွက်နှုန်းတိုးတက်စေရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးနည်းစနစ်၊ သဘာဝမြေဩဇာ အသုံးပြုရန်၊ ပေါင်းရှင်းရန်၊ ပိုးသတ်ဆေးသုံးရန် စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ကုန်းရွာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချို၊ စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ကုန်းရွာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လက်ရှိ မြေပြင်အနေ



များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကုန်းရွာကျေးရွာတွင်း ကုန်ထုတ်လမ်း အရှည် ပေ ၇၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကုန်းရွာကျေးရွာရှိ အိမ်ခြေ ၅၉၂၊ လူဦးရေ ၂၄၇၇ ဦးတို့၏ စိုက်ပျိုးမြေ ဧက ၅၀၀ ကို အကျိုးပြုပေးနိုင်မည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# မောက်မယ်မြို့နယ် ထီဟန်ခွီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေး

**မောက်မယ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီဟန်ခွီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၃ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကော်မတီဝင်များက ထီဟန်ခွီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး ငွေကျပ် ၁၆ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ခုနစ် သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေကျပ် ၂၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၇-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**


**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# သစ်ခြောက်

ပိုင်ဆု(ပညာရေး)



(၁)

အိမ်ကိုပြန်ရောက်သည့်အချိန်က ည ကိုးနာရီ ရှိပြီ။ အလုပ်က အချိန်ပိုဆင်းနေရသည့်အတွက် နောက်ကျနေသည်မှာ သုံးရက်ရှိပြီဖြစ်သည်။ ခြံတံခါးကို အသာတွန်းဖွင့်ပြီး ငှားထားသော အိမ်လေးဆီသို့ လျှောက်သွားလိုက်တော့သည်။ သူနေထိုင်သော သီရိမြိုင်ခြံသည် ကျယ်ဝန်းပြီး အိမ်ရှစ်လုံးရှိသည်။ အိမ်ပိုင်ရှင် လင်မယားကတော့ ဝင်ဝင်ချင်း နှစ်ထပ်အိမ်တွင်နေထိုင်ကြပြီး ကျန်အိမ်ခုနစ်လုံးမှာတော့ အိမ်ငှားများ နေထိုင်လျက်ရှိကြသည်။ သူကတော့ ထိုခြံထဲရှိ အိမ်သေးတစ်လုံးကို သူငယ်ချင်း ဝေလင်းနှင့်အတူ ငှားရမ်းနေထိုင်သည်။ ဝေလင်းကတော့ ကုမ္ပဏီတစ်ခုတွင် ရုံးစာရေးဖြစ်ပြီး သူကတော့ စက်ရုံတစ်ခုတွင် သာမန်အလုပ်သမားတစ်ဦးသာဖြစ်သည်။

"ဝေလင်းရေ ဝေလင်း"

တံခါးပိတ်ထားသောကြောင့် အပြင်က လှမ်းခေါ်လိုက်သည်။ ဝေလင်းသည် ချက်ချင်းပင် တံခါးလာဖွင့်ပေးသည်။

"အောင်ဇော်ရာ မင်းကလဲ နောက်ကျလိုက်တာ"

"အေးကွာ စက်ရုံအလုပ်ဆိုတော့လဲ မင်းသိတဲ့အတိုင်းပဲ"

ဝေလင်းကို ပြန်ပြောလိုက်သည်။ သို့သော် တစ်ခုခုကို အလိုမကျဖြစ်နေသော ဝေလင်း၏မျက်နှာကို သူ သတိထားမိလိုက်သည်။

"ဝေလင်း မင်းမျက်နှာ တစ်ခုခုဖြစ်နေပါလား။ ဘာဖြစ်လို့လဲ"

"အောင်ဇော် အောင်ဇော်"

ဝေလင်းသည် တီးတိုးပြောဆိုရင်း သူ့အနားသို့ ကပ်လာသည်။ တစ်ခုခုမှုမမှန်နေတာတော့ သေချာနေသည်။ ထို့ကြောင့် သူမေးလိုက်သည်။

"ဘာဖြစ်နေတာလဲ ဝေလင်း"

"ဒီအိမ်မှာ သရဲ ခြောက်လို့ကွ"

"ဟာကွာ မဖြစ်နိုင်တာ၊ ငါတို့ပြောင်းလာတာ တစ်ပတ်တောင်ရှိနေပြီ။ မင်း ဘာတွေချောက်ချားနေတာလဲ"

"မင်းကလဲကွာ ငါ နှစ်ရက်၊ သုံးရက်ရှိပြီ သတိထားမိနေတာ မသေချာသေးလို့။ ဒီနေ့မှ သေချာလို့ ငါပြောတာကွ"

ပြောနေရင်း မျက်လုံးက ဟိုကြည့်ဒီကြည့်ဖြင့် ဂနာမငြိမ်ဖြစ်နေရှာသည်။ သို့သော်လည်း ဝေလင်းသည် စကားကို စနောက်ပြောဆိုတတ်သူမဟုတ်တာတော့သေချာသည်။ ထို့ကြောင့် ဆက်မေးလိုက်သည်။

"ကဲ ဒါဆို မင်းဘယ်လိုကြုံရတာလဲ။ ငါ့ကို ရှင်းပြပါအုံး"

"ငါတစ်ယောက်တည်းရှိနေတဲ့အချိန် ခြေသံတွေကြားနေရတယ်။ နှစ်ရက်၊ သုံးရက်ရှိပြီ။ ပြီးတော့ ခုံပေါ်တင်ထားတဲ့စာအုပ်ကလဲ သူ့အလိုလိုပြုတ်ကျတာ နှစ်ခါရှိပြီကွ။ ဒါက သွေးရိုးသားရိုးတော့မဖြစ်နိုင်ဘူး အောင်ဇော်"

"လေတိုက်လို့နေမှာပါကွာ။ ကဲ မင်းထမင်းမစားရသေးဘူးမဟုတ်လား၊ ငါခေါက်ဆွဲကြော်ဝယ်လာတယ်။ လာ အတူစားမယ်"

ဝေလင်းကြောက်မည်စိုးသောကြောင့် စကားလွှဲပြီး ပြောလိုက်ရပေမဲ့ သူကိုယ်တိုင်ပင် ကြက်သီးထမိနေသည်မှာ အမှန်ပင်ဖြစ်သည်။

(၂)

ဝေလင်းကတော့ အိပ်နေပြီဖြစ်သည်။ သူကတော့ ဝေလင်းပြောစကားကြောင့် တောင်တွေးမြောက်တွေးဖြင့် အိပ်မရနိုင်ခဲ့ပါ။ ဘာများထူးခြားမလဲဆိုပြီး စောင့်ကြည့်နေသော်လည်း ဘာမှမထူးခြားလာခဲ့ပါ။ ဝေလင်းတစ်ယောက်တည်းရှိနေချိန် စိတ်ချောက်ချားပြီး ထင်ရာတွေပြောတာ ဖြစ်ကောင်းဖြစ်မည်ဟု တွေးလိုက်သည်။ မနက်လည်း အလုပ်သွားရမည်ဖြစ်သည့်အတွက် ကြိုးစားပြီးအိပ်ရန် ဆုံးဖြတ်လိုက်သည်။

"ရှပ် ရှပ် ရှပ်"

ထိုစဉ်မှာပင် အိမ်ရှေ့ခန်းမှ ခြေသံတစ်သံ ကြားလိုက်ရသည်။ အချိန်အားဖြင့် ည ၁၁ နာရီခွဲနေပြီဖြစ်သည်။ အမှတ်တမဲ့ကြက်သီးထသွားမိပေမဲ့ တော်ရုံတန်ရုံမကြောက်တတ်သောစိတ်ကြောင့် အိမ်ရှေ့ခန်းသို့ သွားရန်ပြင်လိုက်သည်။ အိမ်ရှေ့ခန်းရောက်တော့ မီးခလုတ်ကို ဖွင့်လိုက်သည်။ ဘာတစ်ခုမှမတွေ့။ စိတ်ထင်တာဖြစ်မှာပါဆိုပြီး မီးကိုပိတ်ကာ အခန်းထဲသို့ ပြန်ဝင်လိုက်သည်။

"ရှပ် ရှပ် ရှပ်"

အခန်းထဲသို့မရောက်မီမှာပင် ခြေသံကိုပြန်ကြားလိုက်ရသည်။ ထို့ကြောင့် အိမ်ရှေ့ခန်းသို့ ပြန်သွားပြီး မီးဖွင့်လိုက်သည်။ ဘာမှထူးခြားမရှိ။

"ဘုတ်"

"ဟင်"

ထိုစဉ်မှာပင် နံရံတွင်သေချာချိတ်ထားသော သူ၏လွယ်အိတ်သည် လေမတိုက်ဘဲ အောက်သို့ ထူးဆန်းစွာပြုတ်ကျလာသည်ကို မြင်တွေ့လိုက်ရသည်။ ထိုအခိုက် သူ့ပခုံးပေါ်ရောက်လာသော လက်တစ်စုံ။ မထူးတော့ပါဘူးဆိုပြီး လက်ကိုပုတ်ချရင်း လှည့်ကြည့်လိုက်သည်။

"ဟာ ဝေလင်း လန့်လိုက်တာကွာ"

"ငါလဲ တရေးနိုး မင်းကိုမတွေ့လို့ ထွက်လာတာ။ ဒါနဲ့ မင်းက ဘာထွက်လုပ်တာလဲ"

"ဟို ဟို ဘာမှမဟုတ်ပါဘူးကွာ။ ရေထသောက်တာ။ ကဲ လာ အိပ်ရအောင်"

မီးကိုပိတ်ကာ ဝေလင်းလက်ကိုဆွဲရင်း အိပ်ခန်းထဲသို့ ဝင်လိုက်သည်။ သို့သော်လည်း သူ၏အတွေးထဲမှာတော့ ဝေခွဲမရသောအတွေးများစွာက နေရာယူလျက်ရှိနေတော့သည်။

(၃)

"ဘာ နင်တို့အိမ်က သရဲခြောက်တယ်ဟုတ်လား။ မဟုတ်တာမပြောစမ်းနဲ့။ ဒီခြံထဲမှာ အိမ်ငှားတွေအများကြီး နင်တို့ငှားထားတဲ့အိမ်ပဲ ရွေးခြောက်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

အိမ်ရှင်အဒေါ်ကြီးက သူ့ကို ပြတ်သားစွာငြင်းဆိုလိုက်သည်။ သူလည်း ဝေလင်းကြောက်မည်စိုးသောကြောင့် ဝေလင်းအလုပ်သွားမှ အိမ်ရှင်ကို ကြုံတွေ့ရသောအကျိုးအကြောင်းကို သွားရောက်ပြောလိုက်ခြင်းဖြစ်သည်။

"ဒါတော့မသိဘူး အဒေါ်။ ကျွန်တော်တို့နှစ်ယောက်စလုံးကြုံရတာကို ပြောတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ရှင်တွေမှာ တာဝန်ရှိမယ်ထင်လို့ ကျွန်တော်က လာရောက်အသိပေးတာပါ"

"အေး အခုငါ့ယောက်ျားလဲမရှိဘူး။ သူလာရင် ငါ အကျိုးအကြောင်းပြောလိုက်မယ်။ ဒါပေမဲ့ အဲဒီအိမ်မှာ သရဲခြောက်တယ်ဆိုတာတော့ နင်တို့ရောက်လာမှ ကြားဖူးတာ"

"အဲဒီလိုတော့ အလွယ်မပြောပါနဲ့အဒေါ်။ ကျွန်တော်တို့ရှေ့မှာနေသွားတဲ့သူတွေ သရဲခြောက်လို့ဆိုပြီး ပြန်ပြောင်းသွားကြတယ်ဆိုတာ ဒီမနက်ပဲ ခြံထဲက ကြားပြီးပြီ"

"အဲဒီစကား နင့်ကိုဘယ်သူပြောတာလဲ"

"ဘယ်သူပြောလဲက အရေးမကြီးပါဘူး။ ဒါပေမဲ့ အိမ်ရှင်တွေအနေနဲ့တော့ တာဝန်ယူပေးပေါ့ဗျာ။ ဥပမာ-ဘုန်းကြီးဆွမ်းကပ်ပေးတာတို့၊ ပရိတ်ရွတ်ပေးတာတို့ပေါ့ဗျာ"

"ဘာ နေတာက နင်တို့နေတာလေ ငါတို့က ဘာလို့လုပ်ပေးရမှာလဲ"

စကားဆက်ပြောနေလျှင်လည်း အဆင်မပြေနိုင်သည်မို့ ဘာမှမပြောဘဲ လှည့်ပြန်ထွက်လာခဲ့သည်။

(၄)

အလုပ်သာသွားနေရသည် စိတ်ထဲမှာတော့ ဘဝင်မကျခြင်းများစွာဖြင့် မကျေနပ်မှုများဖြစ်နေသည်။ ယခုကိစ္စတွေကို ဝေလင်းသာသိလျှင် ချက်ချင်းပြောင်းမည်မှာ အသေအချာပင်ဖြစ်သည်။ ဝေလင်းနှင့်သူသည် တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေမို့ အကြောင်းသိတွေဖြစ်သည်။ ဝေလင်းသည် ငယ်စဉ်ကတည်းက ကြောက်တတ်သူဖြစ်သည်။ ချက်ချင်းပြောင်းဖို့ကျတော့လည်းမဖြစ်နိုင်သေး။ နေထိုင်သည်မှာ တစ်ပတ်ကျော်ခန့်သာရှိသေးသည်။ အခုနေပြောင်းရင်လည်း အိမ်ရှင်က ငွေပြန်ပေးမည်မဟုတ်။ ထို့ကြောင့် သည်းခံပြီး အဆင်ပြေအောင်သာ နေထိုင်ရမည်ဖြစ်တော့သည်။

"တီ တီ တီ"

ထိုစဉ်မှာပင် ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့ သူအသင်းဝင်ထားသည့် ပရဟိတအဖွဲ့မှဖြစ်သည်။

"ဟဲလို. . . ဩော်. . . ဟုတ်ကဲ့. . . ကျွန်တော် ဘီသွေးပါ။ ဟုတ်လား။ အဲဒါဆို ကျွန်တော်ဆေးရုံကို အခုပဲလာခဲ့လိုက်မယ်။ ရတယ်။ ဒီနေ့တစ်ရက် အလုပ်ဖျက်လိုက်မယ်။ ဟုတ်ကဲ့ ဟုတ်ကဲ့"

အရေးပေါ်လူနာတစ်ဦးက သွေးလိုနေသည့်အတွက် သူ့ကို လှမ်းဆက်ခြင်းဖြစ်သည်။ သူကိုယ်တိုင်ကလည်း လေးလတစ်ကြိမ် ပုံမှန်သွေးလှူနေကျဖြစ်သောကြောင့် သွားလှူမည်ဟု ဆုံးဖြတ်လိုက်သည်။

(၅)

သွေးလှူပြီးသည်နှင့် အိမ်ကိုသာပြန်လာပြီး အနားယူနေလိုက်တော့သည်။ နေ့ခင်းကြောင်တောင် အိမ်ထဲရှိနေ၍ ဘာများထူးခြားမလဲဆိုပြီး နားစွင့်နေမိသည်။

"ကိုအောင်ဇော်ရေ ဧည့်သည်လာတယ်ဗျို့"

ဘေးအိမ်မှအော်သံကြောင့် အိမ်ရှေ့သို့ ထွက်ကြည့်လိုက်သည်။ သူတစ်ခါမှမမြင်ဖူးသော သူစိမ်းတစ်ဦးကို မြင်တွေ့လိုက်ရသည်။

"ဟုတ်ကဲ့ အိမ်ပေါ်တက်ပါဗျ"

အိမ်ပေါ်သို့တက်ခိုင်းလိုက်ပြီး ဖျာခင်းပေးလိုက်သည်။ ထိုလူ၏မျက်နှာတွင် သူ့ကို အားနာနေသည့် အမူအရာများမြင်တွေ့ရပြီး အိမ်တစ်ခုလုံးကိုလည်း မျက်စိကစားကာ ကြည့်ရှုနေသည်။

"ဘာကိစ္စများရှိလို့လဲဗျ"

သူ၏စကားကြောင့် ထိုလူသည် သတိပြန်ဝင်သွားဟန်ရှိပြီး နဖူးတွင်ကျနေသော ချွေးစေးများကို သုတ်လိုက်သည်။

"အစ်ကို့နာမည် ကိုမြင့်နိုင်ပါ။ ဒီက ညီလေးကို တောင်းပန်ဖို့လာခဲ့တာပါ"

"ခင်ဗျာ။ ကျွန်တော့်ကို ဘာလို့လဲ"

"ဟုတ်ပါတယ်။ အစ်ကိုတစ်ခုလောက်မေးပါရစေ။ ညီလေးတို့ ဒီအိမ်မှာနေတာ ဘာထူးခြားမှုတွေကြုံရလဲ အစ်ကို့ကို အရင်ပြောပြပေးပါလား"

ထိုလူ၏အမေးစကားကြောင့် အံ့ဩခဲ့ရသည်။ ထိုလူသည် သည်အိမ်နှင့်ပတ်သက်ပြီး ဘာတွေများသိထားလဲဆိုပြီး စိတ်ဝင်စားမိသည်။ ချက်ချင်းမပြောသေးဘဲ ထိုလူ့ကို အကဲခတ်ကြည့်လိုက်သည်။ ကိုမြင့်နိုင်ဆိုသော ထိုလူသည် တစ်စုံတစ်ခုကို သိထားသည်မှာ သေချာနေသည်။ သူ့ကိုညာနေတာမဖြစ်လောက်ဘူးဟု သုံးသပ်လိုက်ပြီး ကြုံတွေ့ခဲ့ရသောဖြစ်ရပ်များကို ပြောပြလိုက်သည်။ ထိုအခါ ကိုမြင့်နိုင်ဆီမှ မထင်မှတ်သောစကားကို ကြားလိုက်ရသည်။

"အစ်ကိုက ဒီအိမ်ကို ဆောက်ပေးခဲ့တဲ့သူပါ။ အစ်ကို့ကို သံရိုက်တူရှိရင် ခဏလောက်ပေးပါလား"

"ဗျာ"

"အစ်ကိုက ညီလေးတို့ပြဿနာလေးကို ရှင်းပေးဖို့လာတာပါ။ အစ်ကို့ကို တူလေးသာ အရင်ပေးပါ"

အိမ်တွင် တူမရှိသောကြောင့် ဘေးအိမ်မှ ငှားပေးလိုက်သည်။ ကိုမြင့်နိုင်ဆိုသောလူသည် အိမ်ရှိတိုင်

စာမျက်နှာ ၂၅ သို့ ➤

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၅၀၁၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ သီးနှံစုံ ၁၄၅၀၁၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးအပါအဝင် သီးနှံစုံ ၁၄၅၀၁၃ ဧကကို ဇူလိုင်လ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့်သီးနှံစုံ ၁၄၅၀၁၃ ဧကတွင် စပါး ၁၄၃၉၈၈ ဧက၊ ဖူးစားပြောင်း ၂၁ ဧက၊ မိုးမြေပဲ ဧက ၃၀၊ ငရုတ် ၉၆ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၈၇၈ ဧကဖြစ်ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန်ကြီးထောင့်မြို့နယ်မှာ သီးနှံစုံ ၁၄၅၀၁၃ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးသီးနှံတွေအခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို သီးနှံတွေမစိုက်မီအချိန်ကတည်းက ဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံလျာထား ၁၄၅၀၁၃ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာန အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# တွဲလက်မြဲစေ မြန်မာတွေ

- မခွဲအတူ
မြဲအယူ ဆိုစကား၊
အမုန်းမာန် ကြီးနေသမျှတော့
ဒေါသဖြစ်ပွား။

- ချင့်ချိန်ပါ အမှန်အမှား
မြင်နိုင်ငြား အမှန်တွေ
ကောင်းကျိုးဖြာဝေ၊
ဘယ်သူဖျက်ဖျက် မပျက်စေ
တို့ရေမြေ တို့စောင့်ရှောက်၊
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
တန်ဖိုးလျှမ်းတောက်။

- ကိုယ့်နိုင်ငံ အမြင့်ရောက်ဖို့
တည်ဆောက်ကြ အုတ်မြစ်ခိုင်၊
စိတ်ဓာတ်တွေ မညှိုးဖျင်း
ပြစ်ကင်းမကျိုင်၊
ခေတ်မီဖွံ့ဖြိုး တိုးတက်နိုင်
ကြံ့ကြံ့ခိုင် လျှောက်သောလမ်း၊
အမုန်းမဲ့အစဉ် ကြံထွင်မပျက်စေကွဲ့
သုံးသပ်အမြင် ဉာဏ်ယှဉ်ဖက်ပါလို့
(ကွယ်တို့ရေ. . .)
ရှေ့ဆက်ကြိုးပမ်း။ ။

**ရျာန်လေး(ပညာရေး)**

# တောင်သာမြို့နယ် အောင်ဇေယျဖြိုးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အောင်ဇေယျဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်မာပိုတို့သည် အောင်ဇေယျဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အောင်ဇေယျဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင်သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ ဖောက်လုပ်ခြင်း၊ ၎င်း လမ်းပေါ်တွင် ရေကျော်တံတား အရှည်ပေ ၅၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မ တစ်စင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့်သုံးပေရှိ Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၆ ဒသမ ၆၁ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

➤ စာမျက်နှာ ၂၄ မှအဆက်

တစ်တိုင်ကို တူဖြင့်ရိုက်လေတော့သည်။ ကိုမြင့်နိုင် တူဖြင့်ထုနေသောနေရာသည် နဂိုကတည်းက အက်ကွဲရာရှိနေသောနေရာဖြစ်သည်။ သူကတော့ ဘာမှနားမလည်နိုင်ဘဲ ဖြစ်နေခဲ့ရသည်။ ခဏကြာသောအခါ တိုင်သည် အနည်းငယ်ဟသွားပြီး ထိုကြားထဲမှ သစ်သားစတစ်ခုကို ကိုမြင့်နိုင် ထုတ်ယူလိုက်သည်။

"ပြဿနာတွေအားလုံးက သူ့ကြောင့်ဖြစ်တာ ညီလေး"

လက်နှစ်လုံးခန့် သစ်သားစကိုကိုင်ရင်း ပြောလာသောစကားကြောင့် သူသိချင်တာကို မေးလိုက်သည်။

"ကျွန်တော် တစ်ခုမှနားမလည်တော့ဘူးဗျာ။ နောက်ပြီး အဲဒီသစ်သားစက ဘာလဲ"

"အဲဒါ သစ်ခြောက်လို့ခေါ်တယ် ညီလေး"

"သစ်ခြောက် ဟုတ်လား။ ဘယ်လိုသစ်ခြောက်လဲ"

"ပြောရမယ်ဆိုရင်တော့ သစ်ခြောက်ဆိုတာ ရွာတွေ၊ မြို့စွန်တွေမှာရှိတတ်တဲ့အပင်ပေါ့ ညီလေးရာ။ များသောအားဖြင့် သုသာန်တွေအနီးမှာပေါက်ကြတယ်။ ဒီထက် ပိုရှင်းအောင်ပြောရရင် မကျွတ်လွတ်တဲ့သတ္တဝါတွေ မှီတင်းနေထိုင်ကြတဲ့အပင်။ သရဲခြောက်တယ်လို့ လူပြောများတဲ့အပင်ပေါ့။ အဲဒီအပင်က သစ်ကိုင်းစတွေကိုယူပြီးအိမ်ဆောက်တဲ့အခါ ထည့်သုံးလိုက်ရင် နာနာဘာဝတွေက လိုက်ပါလာနိုင်ပြီး အခု ညီလေးတို့ကြုံရသလိုဖြစ်ရပ်တွေ ဖြစ်လာနိုင်တာပေါ့ကွာ။ ဒါပေမဲ့ သူတို့က ဆိုးဆိုးရွားရွားကြီးတွေတော့ မလုပ်နိုင်ကြပါဘူး ညီလေး"

"ဒါဆိုရင် အစ်ကိုက ဒီအိမ်ဆောက်ခဲ့တုန်းက အဲဒီသစ်ခြောက်ကို တမင်ထည့်ခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ် ညီလေး။ ဒါကြောင့် အခု အစ်ကိုတောင်းပန်ပြီး ပြန်လာယူတာပါ။ ဒါယူပြီးတာနဲ့ ညီလေးတို့အားလုံး အဆင်ပြေသွားမှာပါ။ အစ်ကို့ကို ခွင့်လွှတ်ပါ"

"ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်ကို ဘာလို့များလုပ်ရတာလဲဗျာ။ ကျွန်တော့်သူငယ်ချင်း ဝေလင်းက သိပ်ကြောက်တာဗျ"

"ညီလေးတို့ကို ဖြစ်စေချင်လို့မဟုတ်ပါဘူး။ ဒီအိမ်ရှင်လင်မယားကိုမုန်းလို့လုပ်ခဲ့တာပါ။ သူတို့က အိမ်ဆောက်တုန်းက ဈေးတစ်မျိုးပြောပြီး ပြီးခါနီးကျတော့ မတန်တဆဈေးနဲ့ဈေးဖြတ်ပြီး ယုတ်မာခဲ့ကြတယ်လေ။ ဒါကြောင့် အစ်ကိုတို့ကို နိုင်ထက်စီးနင်းလုပ်ခဲ့တဲ့လင်မယားကို ဒုက္ခပေးချင်လို့ဆိုပြီး တမင်သစ်ခြောက်ကိုထည့်ပြီး လုပ်ခဲ့မိတာပါ။ အခုတော့ အစ်ကိုလဲ နောင်တရပါပြီ။ ဘယ်သူကောင်းကောင်း မကောင်းကောင်း ကိုယ်ကောင်းဖို့ အရေးကြီးတယ်ဆိုတာသိပါပြီ"

ကိုမြင့်နိုင်၏ ပြောစကားကြောင့် ကိစ္စတချို့ကို နားလည်လာနိုင်တော့သည်။ သို့သော် သူ မရှင်းသည့်ကိစ္စလေးတစ်ခုကိုတော့ သိလိုစိတ်ဖြင့် မေးလိုက်သည်။

"ဟုတ်ကဲ့။ ဒါပေမဲ့ အစ်ကိုက ကျွန်တော့်ကို ဒီကိစ္စတွေ ဘာလို့လာပြောတာလဲ။ အစ်ကိုနဲ့ ကျွန်တော်လဲမသိဘူးလေ"

"ဟုတ်ပါတယ် ညီလေး။ အစ်ကို ဘာလို့လာပြောတာလဲဆိုတော့ ဒီမနက် ညီလေးသွေးလာလှူသွားတာ အစ်ကို့အမျိုးသမီးပါ။ သွေးလှူရှင်ရဲ့လိပ်စာကိုမေးကြည့်တော့ ဒီအိမ်လိပ်စာဖြစ်နေတာနဲ့ ကိုယ်တို့ဆောက်ခဲ့တဲ့အိမ်များဖြစ်နေမလားလို့ စိတ်ပူမိပြီး ချက်ချင်းလိုက်လာတာပါ။ အစ်ကိုလုပ်ခဲ့မိတာ ဒီတစ်အိမ်တည်းပါ။ တကယ်လို့ ညီလေးနေတာ ဒီအိမ်မဟုတ်ရင်တောင် အခြားသူတွေဆိုလဲ အစ်ကိုဝန်ခံပြီးပြန်ကူညီမှာပါ"

အခုတော့ သူအားလုံးကို နားလည်သဘောပေါက်သွားပြီဖြစ်သည်။ မုန့်ပုံးလေးကိုအတင်းထားခဲ့ပြီး နှုတ်ဆက်သွားသော ကိုမြင့်နိုင်ကို ကြည့်နေမိသည်။ ကိုမြင့်နိုင်၏ လက်ထဲတွင်ရှိသော သစ်ခြောက်ဆိုသောအရာကိုလည်း သူ့ဘဝတွင် ပထမဆုံးအတွေ့အကြုံအဖြစ် သိလိုက်ရသည်။ ထိုကိစ္စများက တကယ်ရှိနိုင်လား၊ မရှိနိုင်လားဆိုတာကို သူ့ဘာသာတွေးရင်း အဖြေရှာနေမိသည်။

အမှန်တရားတစ်ခုအနေဖြင့် ဝေခွဲမရသော်လည်း သစ်ခြောက်က ပေးသည့်သင်ခန်းစာက ကိုမြင့်နိုင်အတွက်တော့ အမှန်တရားတစ်ခုဖြစ်စေခဲ့သည်။ ကိုမြင့်နိုင် ထွက်သွားပြီးသည်နှင့် သူ၏စိတ်အစဉ်သည်လည်း လွတ်လပ်ပေါ့ပါးခြင်းများ သက်ရောက်လာခဲ့တော့သည်။ အမှန်တရားလား၊ တိုက်ဆိုင်မှုလားဆိုတာကိုတော့ သူကိုယ်တိုင်လည်း မသိနိုင်ခဲ့တော့ပေ။

# မြဝတီမြို့နယ် ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ ဇူလိုင် ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘိုတဲကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# ယူကရိန်းနိုင်ငံ၏ ပဋိပက္ခအတွင်းတီဘီရောဂါကြိုတင်ရှာဖွေစစ်ဆေးမှုများ

၂၀၂၂ခုနှစ်အတွင်းက စတင်ဖြစ်ပွားခဲ့သည့်ရုရှား-ယူကရိန်းပဋိပက္ခသည် လက်ရှိအချိန်ထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ယူကရိန်းနိုင်ငံအနေဖြင့် မိမိထက် အင်အားများစွာကြီးသည့် ရုရှားနိုင်ငံ၏ အထူးစစ်ဆင်ရေးဆင်နွှဲမှုကို ခုခံတိုက်ခိုက်နေရသည်။ သုံးသပ်ချက်တချို့မှာလည်း ယူကရိန်းသည် အမေရိကန်၏ ကိုယ်စားပြုအသွင်ဖြင့် တိုက်နေရကြောင်း တွေ့ရှိရသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား ဖြစ်ပွားသည့် သာမန်ပဋိပက္ခမျိုးမဟုတ်ဘဲ နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးဆိုင်ရာများ ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်နေသည့်အတွက် နှစ်နိုင်ငံပဋိပက္ခက ကြာရှည်ဦးမည့်အခြေအနေရှိသည်။ အင်အားကြီးရုရှားနိုင်ငံအတွက် မထောင်းတာလှပေမယ့် ယူကရိန်းနိုင်ငံအနေဖြင့် လူမှုစီးပွားနှင့် ကျန်းမာရေးကဏ္ဍများ ထိခိုက်ဆုံးရှုံးမှု တစ်စတစ်စများလာသည်။

တစ်ဖက်နှင့် တစ်ဖက် ပစ်ခတ်ကြသည့် လက်နက်နှင့် ကျည်များကြောင့် ထိခိုက်ဒဏ်ရာရသူ အရပ်သား၊ စစ်သားဦးရေများပြားလာသဖြင့် ခြေတု၊ လက်တုတပ်ဆင်ရသူတွေ များလာသည်။ ဒါက ထင်သာမြင်သာသည့် ကျန်းမာရေးပြဿနာဖြစ်သည်။ ထိခိုက်ဒဏ်ရာကြောင့်မဟုတ်ဘဲ ကျန်းမာရေးစနစ်ချို့ယွင်းခြင်းကြောင့် ကူးစက်တတ်သော၊ မကူးစက်တတ်သောရောဂါကြီးများဖြစ်ပွားမှုလည်း ပိုမိုများပြားလာသည်။ ထိုရောဂါကြီးများထဲမှ လူသိများပြီး အန္တရာယ်လည်းပေးနိုင်သည့် တီဘီရောဂါအကြောင်း ဆွေးနွေးကြည့်ကြမည်။

ယူကရိန်းနိုင်ငံအတွင်း စစ်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူတွေ များလာသည်။ လမ်းပေါ်အိပ်၊ လမ်းပေါ်စား၊ ကြုံသလို နားခိုနေကြရသည်။ အချို့မှာ စစ်ကြီးပြီးသွားချိန်တွင် ပြန်စရာ အိမ်မရှိကြတော့။ ယာယီနားခိုနေရာများတွင် တိုးဝှေ့ကျပ်ညပ်ပြီး နေကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကလည်း ယိုယွင်းနေပြီ။ ထိုအခြေအနေမှာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို တီဘီရောဂါက ပြန်လည်ခေါင်းထောင်လာသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ ဥရောပဒေသရုံးခွဲတွင် ပါဝင်သည့် နိုင်ငံများအတွင်း ယူကရိန်းနိုင်ငံက တီဘီဖြစ်ပွားမှုအများဆုံးအဆင့်(၄)နေရာမှာရှိနေသည်။ ၂၀၂၃ ခုနှစ်အတွင်း ယူကရိန်းနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှုမှာ ခုနစ်ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ပညာရှင်များကတော့ ထိုခန့်မှန်းချက်မှာ ပကတိမြေပြင်အခြေအနေထက် လျော့နည်းမည်ဟု သုံးသပ်သည်။ စစ်ပွဲအတွင်းတွင် ဆေးရုံများစွာ၊ တီဘီရောဂါဆေးခန်းများစွာ ထိခိုက်ပျက်စီးခဲ့ရသည်။ ကျန်းမာရေးဝန်ထမ်းအင်အားလည်း လျော့နည်းသွားသည်။

WHO ၏ ယူကရိန်းနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဂျာနိုက"တစ်နိုင်ငံလုံးမှာ တီဘီရောဂါဖြစ်ပွားနှုန်းက မြင့်တက်နေတာပါ။ စစ်ဖြစ်နေတဲ့ဒေသတွေမှာပဲ တီဘီဖြစ်ပွားနှုန်းက နည်းနေတယ်။ ဒါကလဲ တီဘီရောဂါဖြစ်ပွားနေသူတွေကို စစ်ဆေးမပေးနိုင်၊ ရောဂါမဖော်ထုတ်နိုင်၊ ဆေးကုမပေးနိုင်ဘူးဆိုတာ ဖော်ပြနေတာပဲ" ဟု သုံးသပ်သည်။ ယူကရိန်းနိုင်ငံ၏ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် "ပြည်သူ့ကျန်းမာရေးတပ်ပေါင်းစု" (APH) သည် ဒေသခံကျေးရွာနှင့် ရပ်ကွက်ကျန်းမာရေးဌာနများပူးပေါင်းပြီး ပျက်စီးသွားသည့်ဒေသများတွင် တီဘီရောဂါရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ဓာတ်မှန်ရိုက်စက်၊ သလိပ်စစ်နည်းပညာများကို ပံ့ပိုးပေးနေသည်။ ရည်ရွယ်ချက်က ဝေးလံသည့်ဒေသများနှင့် ကျန်းမာရေးအဆောက်အအုံများပျက်စီးသွားသည့်ဒေသများအတွင်း တီဘီရောဂါလူနာသစ်များကို ရှာဖွေဖော်ထုတ်ပေးရန်ဖြစ်သည်။

APH အဖွဲ့ကို Global Fund နှင့် Expertise France အဖွဲ့များမှ ရန်ပုံငွေပံ့ပိုးပေးထားသည်။ APH ၏ ရွေ့လျားကုသရေးအဖွဲ့များသည် ဒေသခံအခြေခံကျန်းမာရေးစောင့်ရှောက်မှုဌာနများနှင့် ချိတ်ဆက်ပြီး တီဘီရောဂါ၊ HIV နှင့် အသည်းရောင်အသားဝါပိုးများ ရှာဖွေစစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ သူတို့ဆီတွင် ပေါ့ပါးသည့် ဓာတ်မှန်ရိုက်စက်များ၊ Gene Xpert တီဘီပိုးစစ်ဆေးရေးနည်းပညာများပါဝင်သည်။ တာဝန်ထမ်းဆောင်ကြသူများက ဒေသခံကျန်းမာရေးဝန်ထမ်းများ၊ တီဘီတိုက်ဖျက်ရေးဌာနက ဝန်ထမ်းများဖြစ်သည်။ Gene Xpert ဆိုသည်က တီဘီဗက်တီးရီးယားကို PCR အမည်ရသည့် နည်းပညာဖြင့် ရှာဖွေသည့်နည်းလမ်းဖြစ်သည်။ အရင်က သလိပ်ထဲတွင် ပါလာသည့် တီဘီပိုးကို မိုက်ခရိုစကုပ်ဖြင့် ကြည့်ပြီး ရှာဖွေခဲ့ကြသည်။ ယနေ့အချိန်မှာ Gene Xpert နည်းလမ်းဖြင့် သလိပ်ကိုစစ်ဆေးနိုင်သည်။ နှစ်နာရီမျှ ကြာမြင့်မည့်အချိန်အတွင်းတွင် အဖြေတန်းထွက်သည်။ အဆုတ်အမြှေးပါး၊ နှလုံးအမြှေးပါးအတွင်းမှ အရည်များကိုလည်း Gene Xpert နည်းဖြင့် စစ်ဆေးပြီး တီဘီရောဂါရှိ၊ မရှိ ရှာဖွေနိုင်သည်။

❖ WHO ၏ ယူကရိန်းနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဂျာနိုက "တစ်နိုင်ငံလုံးမှာ တီဘီရောဂါဖြစ်ပွားနှုန်းက မြင့်တက်နေတာပါ။ စစ်ဖြစ်နေတဲ့ဒေသတွေမှာပဲ တီဘီဖြစ်ပွားနှုန်းက နည်းနေတယ်။ ဒါကလဲ တီဘီရောဂါဖြစ်ပွားနေသူတွေကို စစ်ဆေးမပေးနိုင်၊ ရောဂါမဖော်ထုတ်နိုင်၊ ဆေးကုမပေးနိုင်ဘူးဆိုတာ ဖော်ပြနေတာပဲ" ဟု သုံးသပ်သည်။ ယူကရိန်းနိုင်ငံ၏ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် "ပြည်သူ့ကျန်းမာရေးတပ်ပေါင်းစု" (APH) သည် ဒေသခံကျေးရွာနှင့် ရပ်ကွက်ကျန်းမာရေးဌာနများပူးပေါင်းပြီး ပျက်စီးသွားသည့်ဒေသများတွင် တီဘီရောဂါရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ဓာတ်မှန်ရိုက်စက်၊ သလိပ်စစ်နည်းပညာများကို ပံ့ပိုးပေးနေသည်။ ❖

ယူကရိန်းနိုင်ငံ၏ ဒုတိယအကြီးဆုံး ခါကိဗ်ပြည်နယ်၊ တီဘီအထူးကုဆေးရုံကြီးမှ အရည်အသွေးစောင့်ကြည့်စစ်ဆေးရေးဌာနမှူး ဒေါက်တာတိုင်စီရာသည် သူ့ဌာနမှ အဖွဲ့သားများကို ရွေ့လျား APH အဖွဲ့အတွက် လူအင်အားဖြည့်ဆည်းပေးနေသည်။ လူနာတွေက ဆေးရုံဆီ မလာနိုင်ကြတော့သည့်အတွက် လူနာများဆီ သွားကြရခြင်းဖြစ်သည်။ရွေ့လျား APH အဖွဲ့များအနေဖြင့် လူနာများနှင့် နီးနိုင်သမျှ နီးစပ်အောင်သွားပြီး ရောဂါရှာဖွေဖော်ထုတ်ပေးကြရမည်ဖြစ်သည်။

ကျေးရွာများတွင် ဆိုင်းဘုတ်ကြီးများထူလိုက်သည်။ ရွေ့လျား APH ဆေးကုအဖွဲ့များ လာကြမည်ဖြစ်ကြောင်း ဆိုင်းဘုတ်များတွင်ရော၊ ဖေ့စ်ဘွတ်၊ မက်ဆင်ဂျာ လူမှုကွန်ရက်မှတစ်ဆင့် အသိပေးထားသည်။ APH အဖွဲ့များဆီ သတင်းလာပို့ကြသည့် ဒေသခံများကို ဓာတ်မှန်ရိုက်ပေးသည်။ ဓာတ်မှန်တွင် သံသယဖြစ်ဖွယ်တွေ့လျှင် Gene Xpart နည်းဖြင့် ဆက်လက်စစ်ဆေးရန် သလိပ်နမူနာယူလိုက်သည်။ အချိန်တစ်နာရီခွဲခန့်အတွင်းတွင် သလိပ်အတွင်း တီဘီပိုး ရှိ၊ မရှိ အဖြေထွက်သည်။ ရွေ့လျားယာဉ်ကြီးများပေါ်တွင် ကိုယ်ပိုင်မီးစက်ပါသည်။ ဂြိုဟ်တုဆက်သွယ်ရေး Starlink စနစ်ပါသည်။ အဖြေထုတ်ရန် ခက်နေသည့် လူနာများ၏ဓာတ်မှန်နှင့် သလိပ်အဖြေများကို အင်တာနက်ကွန်ရက်မှတစ်ဆင့် အထူးကုဆရာဝန်များနှင့် ချိတ်ဆက်တိုင်ပင်နိုင်သည်။

တီဘီလူနာသစ်တွေ့ရှိပြီဆိုလျှင်တော့ အနီးစပ်ဆုံး တီဘီရောဂါအထူးကုဆေးရုံ၊ ဆေးခန်းများဆီ လွှဲပေးသည်။ ရရှိခဲ့သည့် ဆေးကုသမှုအခြေအနေကို APH အဖွဲ့မှာပါလာသည့် ဆရာဝန်များက ပြန်လည်စစ်ဆေးကြပ်မတ်ပေးသည်။ ရွေ့လျားဆေးကုသယာဉ်များအနေဖြင့် တီဘီရောဂါကုသမှုခံယူနေဆဲ လူနာများ၏တိုးတက်မှုအခြေအနေကိုလည်း ပြန်လည်ဓာတ်မှန်ရိုက်၊ သလိပ်စစ်ပြီး စောင့်ကြည့်စစ်ဆေးပေးနိုင်ပါသေးသည်။

ဒေါက်တာအီနာတိုဗာက ခါကိဗ်ပြည်နယ် တီဘီအထူးကုဆေးရုံကြီးမှ အဆုတ်အထူးကုသမားတော်ကြီးဖြစ်သည်။ APH စီမံချက်မှာ တာဝန်ယူဆောင်ရွက်ပေးနေသူလည်းဖြစ်သည်။ စိတ်ဖိစီးမှုဒဏ်ကြောင့် တီဘီပြန်ကြွလာသူများ၊ တီဘီလူနာသစ်များကို ကြည့်ရှုကုသပေးနေရသည်။ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်မှုကို ခံနိုင်ရည်ရှိစေရန် အကြောင်းပြချက်ဖြင့် ဆေးလိပ်နှင့် အရက်ကိုသောက်သုံးခြင်းကလည်း တီဘီရောဂါ ပြန်လည်ထကြွမှုကို အားပေးသည်။ "တီဘီရောဂါဖြစ်ပြီဆို ပိန်လာတယ်။ ဒါကို အများစုက ရောဂါကြောင့် ပိန်တယ်မထင်ကြဘူး။ အားလုံးက ပိန်ချင်ကြတဲ့ခေတ်ကိုး။ အသက်ရှူရခက်လောက်အောင် ရောဂါဆိုးလာတော့မှ ဆေးရုံ၊ ဆေးခန်းကို လာပြကြတာ။ အဲဒီအချိန်ရောက်တော့ အခြေအနေက အတော်ဆိုးနေပြီ" ဟု ဒေါက်တာအီနာတိုဗာက ပြောပြသည်။

အမှန်တော့ ဒေါက်တာအီနာတိုဗာကိုယ်တိုင်သည် Donetsk ပြည်နယ် Toretsk မြို့မှ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် စစ်ကြီးစဖြစ်တော့ သူအလုပ်လုပ်နေသည့် တီဘီအထူးကုဆေးရုံကြီး ဗုံးကြဲခံရပြီး ပျက်စီးသွားခဲ့သည်။ လုပ်ဖော်ကိုင်ဖက် ကျန်းမာရေးဝန်ထမ်းများလည်း ထွက်ပြေးကုန်ကြသည်။ စစ်ကြီးမဖြစ်ခင်က သူတို့ဌာနတွင် ရွေ့လျားတီဘီရောဂါရှာဖွေရေးဗင်ကားလေးတစ်စီးရှိခဲ့သည်။ ထိုကားလေးပေါ်တွင် ဓာတ်မှန်ရိုက်စက်တော့မပါ။ သလိပ်နမူနာများကိုပဲ သယ်ပေးနိုင်သည်။ သံသယရှိသည့်လူနာများကို ဓာတ်မှန်ရိုက်နိုင်သည့် ဆေးရုံသို့ ခေါ်သွားပေးသည်။ စစ်ဖြစ်လာသောကြောင့် ထိုအစီအစဉ်လည်း ပျက်သွားသည်။ အခု APH အဖွဲ့က ရွေ့လျားဓာတ်မှန်ရိုက်စက်ကားကြီးများပေါ်လာတော့ ဒေါက်တာအီနာတိုဗာ အလွန်ဝမ်းသာသည်။ သို့ပေမယ့် သူတို့တွင် လူအင်အား လိုအပ်နေသေးသည်။ လူနာများက အလွန်များနေပြီး မနိုင်ဝန်ထမ်းနေရသည်။

ခါကိဗ်ပြည်နယ်အတွင်းက ကျေးလက်ဒေသလေးတစ်ခုတွင် ဒေါက်တာအီနာတိုဗာ ရောက်နေသည်။ APH ရွေ့လျားယာဉ်ကြီးပေါ်တွင် Gene Xpert ပညာရှင်တစ်ဦးနှင့် အလုပ်တွဲလုပ်နေသည်။ သူရောက်နေသည့် ရွာလေးတွင် ခါကိဗ်မြို့ကြီးဆီက ထွက်ပြေးလာသည့် မျိုးဆက်သုံးဆက်ပါမိသားစုကို ကြည့်ပေးရသည်။ ၂၀၂၂ ခုနှစ်က ခါကိဗ်မြို့ကို ဗုံးကြဲခံရသဖြင့် သူတို့တိုက်ခန်းလေးပြိုကျပျက်စီးသွားသည်။ နေစရာလဲမရှိ၊ နေလဲ မနေရဲတော့သဖြင့် မြို့မှ တောကို ထွက်ပြေးလာကြသည်။ အလီနာ အမည်ရသည့် ကျောင်းဆရာမတစ်ဦးက သူ၏ဆယ်ကျော်သက်အရွယ် သမီးလေး ချောင်းဆက်တိုက်ဆိုးနေသဖြင့် လာပြခြင်းဖြစ်သည်။ သူတို့တစ်တွေ ဆေးရုံ၊ ဆေးခန်း မရောက်ဖြစ်တာ၊ ဆေးမစစ်ဖြစ်တာ နှစ်နှစ်ကျော်ပြီ။ ယခုမှသာ ဆေးပြန်စစ်နိုင်သည်။

APH ရွေ့လျားဆေးကုအစီအစဉ်၏ စမ်းသပ်ဆေးကုခန်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်လျက် ခါကိဗ်နယ်မြေအတွင်းရှိ စစ်ဘေးကင်းစင်နေရာများအတွင်း စတင်ပြုလုပ်ခဲ့ကြသည်။ သူတို့အသုံးပြုသည့် ဗင်ကားကြီးများမှာ စစ်ကြီးမဖြစ်ခင်က HIV နှင့် အသည်းရောင်အသားဝါလူနာများကို လှည့်လည်ရှာဖွေဆေးကုသရာမှာ အသုံးပြုကြရန် ကြံရွယ်ထားခဲ့ကြသည်။ APH စီမံချက်များကို ယူကရိန်းနိုင်ငံ၏ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဖြန့်ခွဲဆောင်ရွက်နေကြသည်။ ထိုဒေသများတွင် တိုက်ပွဲများဖြစ်ပွားနေသလို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ရပ်တန့်နေကြသည်။ APH အဖွဲ့သားများကို လူနာ လျင်မြန်စွာ သယ်ထုတ်နိုင်ရေး၊ တစ်ကိုယ်ရည်ကျည်ကာအကာအကွယ်များ ဝတ်ဆင်တတ်စေရေးနှင့် ရှေ့တန်းသူနာပြုစုရေးများကို သင်ကြားပေးထားသည်။

ယူကရိန်းနှင့် ရုရှားတို့၏ ပဋိပက္ခများက ၂၀၁၄ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့သည်။ ယူကရိန်းနိုင်ငံအဖို့ စစ်၏မြေစာပင်ဖြစ်နေသည်မှာ ၁၀ နှစ်ကျော်ပင်ကြာခဲ့ပြီဟု ဆိုရမည်။ ယူကရိန်းမြေပေါ်မှာ နယ်လှည့်ဆေးကုယာဉ်များ သွားလာလှုပ်ရှားနေကြပြီး ယူကရိန်းကျန်းမာရေးဌာနအပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအေဂျင်စီများကပါ ဝင်ရောက်ကူညီပေးနေကြသည်။ ပဋိပက္ခမှာ မည်သည့်အချိန်မှ ပြီးဆုံးမည် မသိနိုင်သည့်အတွက် ပုံမှန်ဆေးရုံ၊ ဆေးခန်းများ ပြန်လည်မဖွင့်လှစ်မခြင်း ရွေ့လျားဆေးကုသယာဉ်များဖြင့် ရေရှည်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မျှော်မှန်းလာကြရသည်။ ကူးစက်တတ်သော၊ မကူးစက်တတ်သောရောဂါများကို ထိန်းချုပ်နိုင်ရန်၊ ဒေသခံ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနေရာတွင် ရွေ့လျားဆေးကုသယာဉ်များဖြင့် ဝင်ရောက်ဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း စိတ်ကူးလာကြသည်။ ပဋိပက္ခများအတွင်း ယူကရိန်းနိုင်ငံ၏ ခေါင်းထောင်လာသောတီဘီရောဂါကို ပြန်လည်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ချက်များကို ဆက်လက်စောင့်ကြည့်ကြရပါမည်။

**ကိုးကား**

**–Mobilescreening for Ukraine' swar-time tuberculosisepidemic by Lily Hyde from Lancet June 2024.**

ဒေါက်တာလွှမ်းမိုးဟန်

# မအူပင်မြို့နယ်တွင် မွေးမြူရေးအသားစားကြက်များ အရောင်းအဝယ်ကောင်းနေ



**မအူပင် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မွေးမြူရေးအသားစားကြက်များ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မွေးမြူရေးအသားစားကြက်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြား၍ ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"လက်ရှိ တစ်ရက်ကို မွေးမြူရေးအသားစားကြက် ပိဿာချိန် ၃၀၀ မှ ပိဿာချိန် ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေကို အကောင်လိုက်အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့ကနေ ရန်ကုန်ဈေးကွက်ထဲ မွေးမြူရေးအသားစားကြက်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ပါတယ်။ မွေးမြူရေးအသားစားကြက်တွေ အရောင်းအဝယ် ကောင်းလာတာကြောင့် အသားစားကြက် မွေးမြူတဲ့သူတွေ အဆင်ပြေတာကို တွေ့ရပါတယ်" ဟု မအူပင်မြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဒေသခံများ မွေးမြူထုတ်လုပ်ရောင်းချသည့် အသားစားကြက်များ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် သပွတ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပွတ်စုကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဖြူမိုးသွယ်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသောအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရေးဆိုင်ရာများကို ပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သပွတ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၈၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကောလင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၈၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၇၇၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၈၄၃ ကေနှင့် ဝန်းသိုမြို့နယ်တွင် ၃၅ ကေ စုစုပေါင်း ၈၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကြံ ၁၇၇၉ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၈၇၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဒေသမှာတော့ ကြံစိုက်ပျိုးမှု တိုးတက်လာဖို့ ဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၇၄၄ ကေနှင့် ဝန်းသိုမြို့နယ်တွင် ၃၅ ကေ စုစုပေါင်း ၁၇၇၉ ကေဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်၌ ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားတွင် ကုန်ကျပြီး ကြံတစ်ကေလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးတို့ကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

ကြံစိုက်ပျိုးမှုကို စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

(၂၀၆)



# တောင်ငူမြို့နယ် နေပူကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်ငူ ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေပူကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ နေပူကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီလျှင် ရေသန့်ဂါလန်၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ် နေပူကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင် စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုပြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ဇွန် ၂၄ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက နေပူကုန်းကျေးရွာရှိ အိမ်ခြေ ၂၅၀ မှ လူဦးရေ ၈၈၁ဦးတို့၏ သွားလာရေးလွယ်ကူပြီး သောက်သုံးရေဖူလုံစေမည်ဖြစ်ကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုနိုင်**

# တောင်ကြီးမြို့နယ် ဟမ်းဆီး(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**တောင်ကြီး ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက နားဟီးကျေးရွာအုပ်စု ဟမ်းဆီး(အရှေ့)ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဟမ်းဆီး(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# အိန္ဒိယနှင့်တရုတ်တို့ကြား ဆက်ဆံရေးဟန်ချက်ထိန်းညှိနေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ



ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ယခုနှစ် ဇွန် ၂၀ ရက်မှ ၂၁ ရက်ထိ အိမ်နီးချင်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်ထိ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ဟာဆီနာ၏ အဝါမီလိဂ်ပါတီသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ထောက်ခံချက်ရရှိခဲ့သည်မှာ ၁၅နှစ်ကျော်ကြာနေပြီဖြစ်သည်။ ထို့ကြောင့် ဟာဆီနာ၏ အိန္ဒိယနှင့်တရုတ်နိုင်ငံခရီးစဉ်များကို နိုင်ငံတကာသံတမန်အသိုက်အဝန်းက အနီးကပ်စောင့်ကြည့်ခဲ့သည်။

ဟာဆီနာသည် အစိုးရအဖွဲ့ဝန်ကြီးများ၊ ထိပ်တန်းတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ကိုယ်စားလှယ် ၁၉၆ ဦးဖြင့် တရုတ်နိုင်ငံသို့သွားရောက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တိုင်းပြည်၏ နိုင်ငံခြားအရန်ငွေ လျော့နည်းလာမှုကို ပြန်လည်ဖြည့်ဆည်းရန် ကြိုးပမ်းမှုအနေဖြင့် တရုတ်နိုင်ငံထံမှ အမေရိကန်ဒေါ်လာ ငါးဘီလီယံ ချေးယူရရှိရေး မျှော်မှန်းထားရှိသည်။

ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံသည် နှစ်စဉ်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရုတ်သို့တင်ပို့သည့် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံသာရှိပြီး တရုတ်မှသွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ လေးဘီလီယံထိရှိသည်။ ကုန်သွယ်မှုလိုငွေပြခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နိုင်ငံခြားအရန်ငွေ လျော့နည်းလာစေခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအရန်ငွေလိုအပ်ချက်လျှော့ချနိုင်ရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြည်ပသွင်းကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံမှ ငါးဘီလီယံထိ လျှော့ချရလျက်ရှိသည်။

ဟာဆီနာ၏ တရုတ်ခရီးစဉ်မတိုင်မီ အစိုးရတာဝန်ရှိသူများသည် နိုင်ငံခြားအရန်ငွေလိုအပ်ချက်လျှော့ချနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ငါးဘီလီယံနှင့်ညီမျှသော တရုတ်ယွမ်များ ချေးယူရရှိရန် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ခဲ့သော်လည်း မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်မလာခဲ့ပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူလိုသော်လည်း တရုတ်နိုင်ငံကမူ ချေးငွေကို အတိုးနှုန်းမြင့်မားစွာဖြင့် ထုတ်ချေးသွားလိုသည်။

မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သည် ခရီးစဉ်အတွင်း တရုတ်နိုင်ငံထံမှ အမေရိကန်ဒေါ်လာ ၁၃၇ သန်းနှင့်ညီမျှသော ယွမ် တစ်ဘီလီယံသာရရှိခဲ့သည်။ သို့သော် ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်တို့သည် နားလည်မှုစာချွန်လွှာ(MoU) ၂၁စောင်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမှသည် ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့တိုးမြှင့်ရန် စီမံကိန်း ခုနစ်ခုကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ထို့ပြင် ရှိတ်ဟာဆီနာက ရှီကျင့်ဖျင်သည် သက်သာသော အတိုးနှုန်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အမေရိကန်ဒေါ်လာနှစ်ဘီလီယံ ထုတ်ချေးပေးသွားမည်ဟု သဘောတူညီခဲ့ကြောင်း ဇူလိုင် ၁၄ ရက်တွင် သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရုတ်နိုင်ငံ၏ရည်မှန်းချက်များသည် နယ်ပယ်ပေါင်းစုံပါဝင်လျက်ရှိသည်။ အထူးသဖြင့် တောင်အာရှတွင် ၎င်းမဟာဗျူဟာနှင့်စီးပွားရေးဆိုင်ရာလွှမ်းမိုးမှုများ ခိုင်မာအားကောင်းလာစေရန်ပင်ဖြစ်သည်။ ၎င်းတို့၏ဆက်ဆံရေးကို ပြီးပြည့်စုံသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသို့ အဆင့်မြှင့်တင်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမ(BRI) စီမံကိန်းမှတစ်ဆင့် ဒေသတွင်းအခြေခံအဆောက်အအုံများတွင် နက်ရှိုင်းစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားရှိသည်။ BRI သည် ပို့ဆောင်ရေး၊ စွမ်းအင်စီမံကိန်းများနှင့် စက်မှုဥယျာဉ်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် Padma တံတား၊ Payra စွမ်းအင်စက်ရုံ၊ ကားလမ်းနှင့် ရထားလမ်းစီမံကိန်းများအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေခံအဆောက်အအုံများစွာကို ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ အဆိုပါစီမံကိန်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအရေးပါလျက်ရှိသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် တရုတ်-ဘင်္ဂလားဒေ့ရှ် မိတ်ဖက်ဆက်ဆံရေးနှင့် ဘင်္ဂလားဒေ့ရှ်တွင် တရုတ်နိုင်ငံတည်ရှိမှုကို ခိုင်မာအားကောင်းစေလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုကိုလည်း တိုးချဲ့နိုင်စေမည်ဖြစ်သည်။

ရှိတ်ဟာဆီနာ၏ တရုတ်ခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ပြည်ပစွက်ဖက်မှုများကို ဆန့်ကျင်သွားရန်လည်း ကတိကဝတ်ပြုခဲ့သည်။ အမေရိကန်နှင့် အနောက်အင်အားကြီးနိုင်ငံများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းမှုများရှိနေသဖြင့် အဆိုပါသဘောတူညီချက် ပေါ်ထွက်လာခြင်းဖြစ်သည်။ ယခုနှစ်အစောပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် စီစဉ်နေစဉ် အမေရိကန်နိုင်ငံက တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပြုလုပ်သွားရန် တောင်းဆိုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများကို လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များဖြင့် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

ရှိတ်ဟာဆီနာအနေဖြင့် တရုတ်(တိုင်ပေ)အရေးနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ခိုင်မြဲစွာ စွဲကိုင်ထားရှိပါကြောင်းနှင့် တရုတ်(တိုင်ပေ)အရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ထောက်ခံပါကြောင်း ရှိတ်ဟာဆီနာက ပြောကြားခဲ့သည်။

အလားတူ ဇွန် ၂၁ ရက်မှ၂၂ ရက်ထိ ရှိတ်ဟာဆီနာ၏ အိန္ဒိယခရီးစဉ်သည် ကုန်သွယ်မှု၊ ချိတ်ဆက်မှုနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်ရေးအပေါ် အလေးထားခဲ့သည်။ နှစ်ဖက်လုံးသည် ရထားလမ်းချိတ်ဆက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းရထားလမ်းသည် အိန္ဒိယနိုင်ငံကို တိုင်းပြည်အရှေ့မြောက်ပိုင်းဒေသသို့ ကုန်စည်များ တင်ပို့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရထားလမ်းကွန်ရက်ကို အသုံးပြုခွင့်ရရှိစေမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်စည်များကို နီပေါနှင့် ဘူတန်သို့ ဖြတ်သန်းသယ်ဆောင်ရာတွင် ၎င်း၏ရထားလမ်းကွန်ရက်ကို အသုံးပြုခွင့်ပေးရန် သဘောတူညီခဲ့သည်။

Teesta မြစ်ရေ ခွဲဝေအသုံးချရေးပြဿနာသည် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ကြား ကာလရှည်ကြာ ပြောဆိုဆွေးနွေးရလျက်ရှိသည်။ ၎င်းမြစ်ရေ ခွဲဝေအသုံးချရေးအတွက် အပြီးသတ်ဆုံးဖြတ်ချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးပေ။ ထိုအတောအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် Teesta မြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ တရုတ်နိုင်ငံက ၎င်းစီမံကိန်းအတွက် ရန်ပုံငွေထုတ်ပေးသွားရန် စိတ်အားထက်သန်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်သွားမည်ဆိုလျှင် အိန္ဒိယနိုင်ငံ၏လုံခြုံရေးအပေါ် သက်ရောက်မှုများရှိလာနိုင်သဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံက ၎င်းတို့အနေဖြင့် Teesta မြစ်ရေ ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုစီမံကိန်းကို အကဲဖြတ်တွက်ချက်ရန် နည်းပညာမြောက်အဖွဲ့တစ်ဖွဲ့ စေလွှတ်သွားမည်ဖြစ်ကြောင်း ရှိတ်ဟာဆီနာ၏ အိန္ဒိယခရီးစဉ်အတွင်း၌ ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် Teesta ရေလှောင်တမံစီမံကိန်းနှင့်စပ်လျဉ်း၍ တိုးတက်မှုများရှိနေသည့်တိုင် အိန္ဒိယနိုင်ငံကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း တရုတ်ခရီးစဉ်မတိုင်မီ ရှိတ်ဟာဆီနာက ပြောကြားခဲ့သည်။ ဟာဆီနာ၏ သဘောထားမှတ်ချက်သည် တရုတ်-ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေးအပေါ် သက်ရောက်မှုရှိနိုင်ပေသည်။ Teesta စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် တရုတ်နိုင်ငံ၏ စိတ်ပါဝင်စားလာမှုသည် နီပေါနှင့်ဘူတန်ကဲ့သို့ပင် အိမ်နီးချင်းနိုင်ငံများတွင် စီးပွားရေးနှင့် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားလိုသည့် ပိုမိုကျယ်ပြောလာသောဒေသတွင်း မဟာဗျူဟာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို ထိန်းချုပ်ရန် စိတ်အားထက်သန်နေသော အမေရိကန်အနေဖြင့်လည်း အဆိုပါ တိုးတက်ပြောင်းလဲလာမှုများကို စောင့်ကြည့်သွားလိမ့်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာလရှည်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံဖြစ်သည်။ ထိုအတောအတွင်း ဇွန် ၁၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုလံဘိုလုံခြုံရေး သီးသန့်ဆွေးနွေးပွဲ (CSC)အဖွဲ့၏ ပဉ္စမမြောက်နိုင်ငံအဖြစ် ပူးပေါင်းပါဝင်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် စတင်ထူထောင်ခဲ့သော CSC သည် အိန္ဒိယသမုဒ္ဒရာဒေသတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးလာမှုကို တန်ပြန်ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် အိန္ဒိယနိုင်ငံဦးဆောင်သည့် လုံခြုံရေးမဟာမိတ်အဖွဲ့ဖြစ်သည်။

ရှိတ်ဟာဆီနာ၏ ချစ်ကြည်ရေးခရီးစဉ်များသည် ၎င်း၏အမျိုးသားအကျိုးစီးပွားများကို ထိန်းသိမ်းစောင့်ရှောက်ရင်း တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးဟန်ချက်ကို ထိန်းညှိထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မဟာဗျူဟာမြောက်ရပ်တည်ချက်ကို ပြသလျက်ရှိပေသည်။ မကြာသေးမီအချိန်အတွင်းက တရုတ်နှင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် ဟာဆီနာ၏ခရီးစဉ်များသည် ၎င်း၏ မဟာဗျူဟာမြောက်ဟန်ချက်ကို ထိန်းညှိရင်း ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေးတိုးချဲ့ရန် ကြိုးပမ်းမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အဆိုပါခရီးစဉ်များမှ ထွက်ပေါ်လာသည့် အမျိုးမျိုးသောရလဒ်များ၊ အထူးသဖြင့် တရုတ်နိုင်ငံမျက်နှာစာတွင် ဆက်ဆံရေးတိုးတက်မှုရပ်တန့်သွားခြင်းသည် အိမ်နီးချင်းအင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေး၌ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာမှုနှင့်မျှခြေပြောင်းလဲဖြစ်ပေါ်လာမှုတို့ကို ဖော်ညွှန်းလျက်ရှိပေသည်။ မည်သို့ပင်ဆိုစေ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် လူဦးရေထူထပ်လျက်ရှိသောတိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဆောင်ကြဉ်းနိုင်ရေးအတွက် အိမ်နီးချင်းအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယတို့နှင့် ဆက်ဆံရေးဟန်ချက် ဆက်လက်ထိန်းညှိနိုင်ရေး လိမ္မာပါးနပ်စွာ ထိတွေ့ဆက်ဆံလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**❖ ရှိတ်ဟာဆီနာ၏ ချစ်ကြည်ရေးခရီးစဉ်များသည် ၎င်း၏အမျိုးသားအကျိုးစီးပွားများကို ထိန်းသိမ်းစောင့်ရှောက်ရင်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေးဟန်ချက်ကို ထိန်းညှိထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မဟာဗျူဟာမြောက်ရပ်တည်ချက်ကို ပြသလျက်ရှိပေသည်။ မကြာသေးမီအချိန်အတွင်းက တရုတ်နှင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် ဟာဆီနာ၏ခရီးစဉ်များသည် ၎င်း၏ မဟာဗျူဟာမြောက်ဟန်ချက်ကို ထိန်းညှိရင်း ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာ မိတ်ဖက်ဆက်ဆံရေး တိုးချဲ့ရန် ကြိုးပမ်းမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ❖**

**ကိုးကား**


(1) Bangladesh's Tough Tightrope Walk Between India and China By The Diplomat.

(2) Has Bangladesh Lost Its Footing in the China-India Balancing Act? By The Diplomat.


**ဝင်းဇင်(သုတေသန)**

## ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား Myawady Webportal နှင့် Myanmar National Portal တွင် လေ့လာနိုင်သည်

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets) နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ဧက ၁၆၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ဧက ၁၆၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်း ဧက ၅၂၀၀၊ အစေ့ထုတ်ပြောင်း ၃၁ ဧက၊ ဖူးစားပြောင်း ဧက ၁၁၀၀ စုစုပေါင်း ၆၃၃၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှံစားပြောင်း ၁၅၂၈ ဧက၊ အစေ့ထုတ်ပြောင်း ၁၅ ဧက၊ ဖူးစားပြောင်း ၁၄၇ ဧက စုစုပေါင်း ဧက ၁၆၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ပြောင်းသီးနှံစုံ ၆၃၃၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ဒီနှစ်မှာလဲ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်” ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး၊ ချင်းနှင့် ငရုတ်ပိုးသတ်ဆေးများအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် နှံစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးရာ၌ နှံစားပြောင်း တစ်ဧကလျှင် ၁၉ တင်းကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၅၀၀၀၀ ကုန်ကျစရိတ်ရှိကြောင်း၊ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၅၀၀၀၀၀ ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၅၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## စလင်းမြို့နယ် ပေါင်းတူး(တ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စလင်း ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပေါင်းတူးကျေးရွာအုပ်စု ပေါင်းတူး(တ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာလမ်းကော်မတီဝင်များ၊ တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ပေါင်းတူး(တ)ကျေးရွာ၌ လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်းကုမ္ပဏီက ဇွန် ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ပေါင်းတူး(တ)ကျေးရွာနှင့် ပေါင်းတူး(မ)ကျေးရွာမှ တောင်သူများ၏ လယ်မြေ ဧက ၇၀၀ ကျော်မှ ထွက်ရှိသော လယ်ယာထွက်ကုန်များကို အလေအလွင့်နည်းပါးစွာဖြင့် သယ်ယူရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**




Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

DENTOMEC

FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ TRISTAR

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ ချောင်းပတ်ကျေးရွာနေ ဒေါ်ခင်ငြိမ်းစုကျော် (ဘ) ဦးကျော်လွင် (၉/စကတ(နိုင်)၀၉၇၅၂၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းစုကျော် သည် **Famous** နာမည်ဖြင့် စားသောက်ဆိုင်လုပ်ငန်းများကို မိသားစုနှင့်အတူ ဦးစီးလုပ်ကိုင်နေသော လုပ်ငန်းရှင်အမျိုးသမီးဖြစ်ကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေမှ ပြောပြ၍ သိရှိရပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေနှင့်မိသားစုများ၏ဓာတ်ပုံများကိုအသုံးပြုကာ Social Media နှင့်ပတ်သက်သော Facebook, Viber, Instagram, Wechat, WhatsApp စသည့် ဆက်သွယ်ရေးကွန်ရက်နှင့်ပတ်သက်အသုံးပြုသောနေရာများတွင် ကျွန်ုပ်မိတ်ဆွေနှင့်မိသားစုဝင်များအား ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ကြံစည်ကာ အထက်ဖော်ပြပါ Social Media အကောင့်တုများအသုံးပြုပြီး နစ်နာမှုများဖြစ်ပေါ်စေရန် ဝေဖန်တိုက်ခိုက်ရေးသားနေကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေမှ ပြောပြ၍ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းစုကျော် ၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိပါဘဲ ကျွန်ုပ်မိတ်ဆွေနှင့်မိသားစုများ၏ ဓာတ်ပုံများကိုအသုံးပြုကာ ဂုဏ်သိက္ခာကျဆင်းစေသည့်အပြုအမူများနှင့် မဟုတ်မမှန်သတင်းများ အွန်လိုင်းပေါ်တွင်သာမက အပြင်လူမှုပတ်ဝန်းကျင်အသိုက်အဝန်းများအထိ အကောင့်တုများအသုံးပြုကာ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ အခြားမည်သည့်နည်းဖြင့်မျှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းစုကျော်၏ ဂုဏ်သိက္ခာကျဆင်းကာ စိတ်ငြိုငြင်မှုများဖြစ်စေရန်အတွက် အသုံးပြုဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းစုကျော် တွင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ပါက မည်သူ့ကိုမဆို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ငြိမ်းစုကျော်၏သဘောဆန္ဒအရ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
ဒေါ်ခင်ငြိမ်းစုကျော် (ဘ) ဦးကျော်လွင်
၉/စကတ(နိုင်)၀၉၇၅၂၀

**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သရဖီဝင်း (LL.B)
စဉ်-၁၈၅၆၀ (၃၁. ၁၀. ၂၀၂၃)
တရားလွှတ်တော်ရှေ့နေ

ဒေါ်ဆုမွန်သန်း (LL.B)
စဉ်-၁၄၈၄၃ (၃၁. ၇. ၂၀၁၈)
တရားလွှတ်တော်ရှေ့နေ

၀၉-၇၉၆၄၅၄၂၆၃၊ ၀၉-၉၆၅၁၄၆၃၉
၆၀(ဒီ)၊ ၁၁၅ × ၁၁၆(အေ)လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ကြီးမြို့နယ်၊ ထန်းတောတောင်ကျေးရွာနေ ဒေါ်ရှမ်းမ (၉/ပသက(နိုင်)၁၅၆၃၃၅)၏သား **မောင်စိန်ချစ်(၉/ပသက(နိုင်)၁၁၉၇၉၁)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ရှမ်းမ (၉/ပသက(နိုင်)၁၅၆၃၃၅)**

# ဖခင်အမည်မှန်

ငါန်းဇွန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၊ Grade-4တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးသူ နှင့် Grade-1 တွင် ပညာသင်ကြားနေသော မောင်ဖြိုးသုတဟိန်း တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းဆင့် ဖြစ်ပါကြောင်း။

**ဦးဝင်းဆင့်(၉/အမရ(နိုင်)၁၅၀၂၇၈)**

# ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီး အထက၊ Grade-10 တွင် ပညာသင်ကြားနေသော မဇင်နှင်းထက် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဇင်ဝင်း ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်ဝင်း (၉/အမရ(နိုင်)၁၅၆၃၇၅)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# စာအုပ်စာပေ လူ့မိတ်ဆွေ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSMEကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့်လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ အတတ်ပညာ၊ အသိပညာပြည့်စုံသည့် လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့်နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/ ၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ သွားရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ကျောင်းသားကျောင်းသူများနှင့်တာဝန်ရှိသူများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း၏

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

မိုးလေဝသခန့်မှန်းရန် အတိတ်ကာလ၏ ကြိုးပမ်းခဲ့မှုများ (အပိုင်း-၂)
ဆောင်းပါး စာမျက်နှာ - ၄

သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်အစီအစဉ်ကို စွန့်လွှတ်မည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်ပြောကြား
စာမျက်နှာ - ၆

၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ပြင်သစ်နိုင်ငံသို့ ထွက်ခွာ
စာမျက်နှာ - ၉

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု